ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (23-2-2015) (၈၁၂၅)

## အမျိုးသားအကျိုးစီးပွား

ပါတီတွေတည်ရှိတာ မရှိတာ အဓိကမဟုတ်ဘူး။ ၎င်းတို့ဟာ အမျိုးသားရေး အကျိုးစီးပွားကို ဘေးဥပါဒ်ဖြစ်စေမယ့် ပါတီစွဲလုပ်ဆောင်မှုတွေကို မလုပ်မိဖို့ အရေးကြီးတယ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် ပါတီတွေဟာ အဲဒီအရေး ကိစ္စမှာ ဂိုဏ်းဂဏစွဲမထားဘဲ အတူတကွပူးပေါင်းပြီး အတူတကွလုပ်ဆောင်ကြမှာ ဖြစ်တယ်။ *(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)*

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင် စေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ခေတ္တပူဇော်ခံထားရှိရာ မန္တလေး ကရဝိက်ဖောင်တော်ဟိုတယ်သို့ရောက်ရှိပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြည်ညိုသည်။**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် လေးကျွန်းမာရ်အောင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကရဝိက်ဖောင်တော်ဖြင့် ဧရာဝတီမြစ်အတိုင်းဆန်တက်၍ လေးကျွန်းမာရ်အောင်စေတီတော်သို့ ပင့်ဆောင်ကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ စိန်ဖူးတော်ကို လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင်ပူဇော်စဉ်။ (သတင်းစဉ်)

## အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ ထုတ်ပြန်ကြေညာချက်

သတင်း စာမျက်နှာ » ၅



Authorized Distributor : NP International Co.,Ltd. (HAN Golf Masters group) 09 79 6464 215, 09 73 041 807 09 73 130 562, 09 73 041 808

**ကြေးမုံ စာတည်းရှုထောင့် ၂၃-၂-၂၀၁၅၊ တနင်္လာနေ့**

# အမျိုးသားအားကစားမြင့်မား

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ယမန်နေ့က ဖွင့်လှစ်ပေးလိုက်သည်ကို တွေ့ရသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှ လက်ရွေးစင်အားကစားသမားများက နေပြည်တော်ရှိ အားကစားပြိုင်ပွဲရုံများနှင့် အားကစားကွင်းများတွင် ပြေးခုန်ပစ်၊ ဘောလုံးအားကစား အပါအဝင် အားကစားနည်း ၁၂ နည်းတွင် အားသွန်ခွန်စိုက် ယှဉ်ပြိုင်နေကြသည်။

အမျိုးသားအားကစားပွဲတော်ကြီး၌ ထိုသို့ယှဉ်ပြိုင်ကြခြင်းသည် အားကစားအဆင့်အတန်းမြင့်မားတိုးတက်ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေး၊ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြရာတွင် နိုင်ငံကိုယ်စားပြုအားကစားသမားရွေးချယ်မှု၌ အထောက်အကူဖြစ်စေပြီး အောင်မြင်မှုရရှိစေရေး၊ အဆင့်အတန်းမီ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ အကြားယှဉ်ပြိုင်နိုင်မှု၊ နှီးနှောဖလှယ်မှုနှင့် အားကစားလုပ်ငန်းများ ပိုမိုတိုးတက်လာမှုဟူသည့် ရည်ရွယ်ချက်များ ပေါက်မြောက်စေရန်အတွက်ဖြစ်သည်။

အားကစားသမားကောင်းများပေါ်ထွက်လာရေးကို အခြေခံသော ယခုကျင်းပနေသည့် အမျိုးသားအားကစားပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွေးချယ်ထားသော အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ၌ လက်ရွေးစင်အားကစားသမားများသာမက ရှက်ပုန်းသီးအားကစားသမားများလည်း ပါဝင်မည်ဖြစ်၍ အားကစားကဏ္ဍအတွက် အလားအလာကောင်းများ ပေါ်ထွက်နိုင်သည့် ပြိုင်ပွဲကြီးဟုဆိုချင်ပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပွဲဟုဆိုနိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကို ပထမအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်ကျင်းပခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးတို့ကြောင့် မကျင်းပဖြစ်ခဲ့ဘဲ ယခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

ယခုအားကစားပွဲကြီးမကျင်းပခင်က မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အားကစားနည်း ၃၃ မျိုးတွင် ရွှေတံဆိပ် ၈၆ ဆု၊ ငွေတံဆိပ် ၆၂ ဆု၊ ကြေးတံဆိပ် ၈၅ ဆု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ဆုရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံတွင် အဆင့်ဒုတိယရရှိခဲ့သည်။ အလားတူ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၂ မျိုးတွင် ရွှေတံဆိပ် ၃၄ ဆု၊ ငွေတံဆိပ် ၂၆ ဆုနှင့်ကြေးတံဆိပ် ၃၆ ဆု စုစုပေါင်း ဆုတံဆိပ် ၉၆ ဆု ဆွတ်ခူးကာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံတွင် အဆင့်ပဉ္စမရရှိခဲ့သည်။ ထိုသို့အောင်မြင်ပြီးနောက် ယခုပြိုင်ပွဲကြီးကိုထပ်မံကျင်းပခြင်းဖြစ်ရာ အားကစားကဏ္ဍများတွင် အောင်မြင်မှုများဆက်လက်ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာအားကစားသမားများသည် ပြိုင်ပွဲအမျိုးမျိုးတွင် ဆုတံဆိပ်များ ဆွတ်ခူးခဲ့ကြပြီးဖြစ်သည်။ မြန်မာ့ဂုဏ်ဆောင် အားကစားမောင်မယ်များ၏ စွမ်းဆောင်ချက်များသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည်။ မြန်မာ့အားကစားသမိုင်းတွင် တိမ်မြုပ်နေသော ရွှေရောင်ကမ္ပည်းကို ပြန်လည်မော်ကွန်းရေးထိုးနိုင်ခဲ့သည်။ နိုင်ငံတော်အနေဖြင့်လည်း အားကစားကဏ္ဍတွင် ယခင်နှင့်မတူ အားပေးမြှင့်တင်မှုများကို အစွမ်းကုန်ပြုလုပ်ပေးနေသည်ကို တွေ့ရသည်။ အားကစားသမားများကလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးစားကြသည်ကို တွေ့ရသည်။

ယခုကျင်းပနေသည့် အမျိုးသားအားကစားပြိုင်ပွဲ၏ထူးခြားချက်မှာ အားကစားနည်း ခုနစ်နည်းပါဝင်သည့် မသန်စွမ်းအားကစားပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အကြိုစမ်းသပ်ခံသည့် ပြိုင်ပွဲဖြစ်သောကြောင့် အားကစားစွမ်းရည်ကို ရေကုန်ရေခန်းပြသရမည့် ပြိုင်ပွဲကြီးဖြစ်နေသည်။ ထို့ကြောင့် အမျိုးသားအားကစားမြင့်မားရေးအတွက် အစွမ်းကုန်ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုကို ဆက်လက်ရယူကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမဏ္ဍပ်သဘင်၌ ကျင်းပသည်။**



အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သာသနာရေးမှူးများနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိဥက္ကဋ္ဌဆရာတော်က အစည်းအဝေးအဖွင့်ဩဝါဒကထာကို မြွက်ကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)က တင်သွင်းလျှောက်ထားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ တင်ပြလာသည့် သာသနာရေးရာနှင့် ဝိနစ္ဆယရေးရာများ၊ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ တတိယအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် သာသနာရေးဆိုင်ရာ တင်ပြချက်များ၊ ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်တော်မူကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်သည့် အလှူရှင်များမှာ အကြိုညှိနှိုင်း (ပထမနေ့)တွင် ရွှေသံလွင်ကုမ္ပဏီ မိသားစု၊ အကြိုညှိနှိုင်း(ဒုတိယနေ့)တွင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး(ငြိမ်း) ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ အကြိုညှိနှိုင်း (တတိယနေ့)တွင် ရွှေသံလွင်ကုမ္ပဏီမိသားစု၊ အကြိုညှိနှိုင်း (စတုတ္ထနေ့)တွင် ဦးမောင်မောင်(၇) ဇနီး ဒေါ်ခင်ခင်မြင့် မိသားစု၊ ဦးစိန်ရ (ဝန်ကြီး-ငြိမ်း)ဇနီး ဒေါ်အေးအေးစိုးမိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း) ဇနီး ဒေါ်ခင်သန်းမြင့် မိသားစု၊ ဦးမိုးသွင် ဇနီး ဒေါ်နုနုရီ မိသားစု၊ ဒေါက်တာနေဇင်လတ် ဇနီး ဒေါ်ခင်စန်း မိသားစု၊ ဒေါက်တာခွန်ကျော်အောင် ဇနီး ဒေါ်တင်လွှမိသားစု၊ ဦးရဲဝင်း ဇနီး ဒေါ်ယဉ်နွဲ့ မိသားစုတို့ကလည်းကောင်း၊ အစည်းအဝေး (ပထမနေ့)တွင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး(ငြိမ်း) ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း) ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို) ဇနီး ဒေါ်ခင်လေးမြင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း) ဇနီး (ဒေါ်စမ်းစမ်းရီ)မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း) ဇနီး ဒေါ်ခင်နှင်းဝေ မိသားစု၊ မဟာသရေစည်သူ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း) ဇနီးဒေါ်နန်းခင်လှဝင်းမိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုတို့ကလည်းကောင်း ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**










လေးကျွန်းမာရ်အောင်စေတီတော်မြတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော် ပင့်ဆောင်တင်လှူပူဇော်ရာသို့ ဒေသခံပြည်သူများ လာရောက်စောင့်ကြို ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အောင်မြေမင်္ဂလာဓမ္မာရုံသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များအား မင်္ဂလာကရိန်းဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

ထို့နောက် ပင့်သံဃာအပါး (၃၀၀) တို့က လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များအား မန္တလေး ကရဝိက်ဖောင်တော်ဟိုတယ်တွင် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးကို သာသနာတော်နှစ် "၂၂၆၈ ခု၊ ကောဇာသက္ကရာဇ်



လေးကျွန်းမာရ်အောင်စေတီတော်မြတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်တို့ကို မင်္ဂလာကရိန်းဖြင့် တင်လှူပူဇော်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း ဆရာတော်များထံ စိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၁၀၈၆ ခုနှစ်တွင် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ သောတာပန်ကျေးရွာ၌ အင်းဝပြည့်ရှင် တနင်္ဂနွေမင်းတရားကြီးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့် ၁၂၂ ပေရှိသည်။

အဆိုပါစေတီတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၆ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့ကာ နိုင်ငံတော်အစိုးရနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့ကအသစ်တစ်ဖန် ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်တို့လည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

### ❖ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လေးကျွန်းမာရ်အောင်စေတီတော် လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဓမ္မဒူတရောင်ခြည်ဓမ္မာရုံအတွင်း၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ဧည့်ပရိသတ်များက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင်ဉာဏိဿရ မဟာထေရ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အဂ္ဂိယ အမှူးပြုသည့် ဆရာတော်သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များအား ဆက်ကပ်ပြီး အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ဒါယကာ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များကို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိန်ဖူးတော်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

## အရှေ့တီမောဝန်ကြီးချုပ်သစ်အဖြစ် ရူအီ အာရူဂျို ကျမ်းသစ္စာကျိန်ဆို

**ဒီလီ ဖေဖော်ဝါရီ ၂၂။** ။အရှေ့တီမောနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ကျန်းမာရေးဝန်ကြီးဟောင်း ရူအီအာရူဂျို ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အရှေ့တီမောနိုင်ငံ၏ ညီညွတ်ရေးအစိုးရအဖွဲ့၏ အကြီးအကဲသစ်အဖြစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရူအီအာရူဂျို ကျမ်းသစ္စာ ကျိန်ဆိုသည်။ ရူအီအာရူဂျိုသည် နယူးဇီလန်တွင် ပညာသင်ယူခဲ့သည့် ဆရာဝန်တစ်ဦးဖြစ်ပြီး ထင်ပေါ်ကျော်ကြားသော အတိုက်အခံ နိုင်ငံရေးသမားတစ်ဦးအဖြစ် လှုပ်ရှားခဲ့သည်။

အာရူဂျိုသည် ၂၀၀၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံထံမှ အရှေ့တီမော လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ဆဋ္ဌမအကြိမ်ဖွဲ့စည်းသော အစိုးရအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။ အရှေ့တီမောနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်မှုရရှိစေရန် မိမိကြိုးပမ်းမည်ဟု အာရူဂျိုက ကတိပြုသည်။

အစိုးရအဖွဲ့သစ်၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သည်။ အစိုးရအဖွဲ့သစ်၏ အသုံးစရိတ် လျှော့နည်းစေရန်နှင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အစိုးရအဖွဲ့ဝင် ဦးရေကို ၅၅ ဦးမှ ၃၃ဦးအထိ လျှော့ချခဲ့သည်။

**ပီတီအိုင်။**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်္ဘောတစ်စင်းနစ်မြုပ် လူ ၃၀ သေဆုံး၊ ၇၀ ကျော်ပျောက်ဆုံး

**ဒါကာ ဖေဖော်ဝါရီ ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပတ်ဒ်မားမြစ်အတွင်း လူ ၁၀၀ ကျော် စီးနင်းလိုက်ပါလာသော သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ လူ၃၀ကျော် သေဆုံးပြီး လူ ၇၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေး အဖွဲ့များကဆိုသည်။

အဆိုပါ သင်္ဘောသည် ပတ်ဒ်မားမြစ်တစ်ဖက်ကမ်းရှိ ရပ်ဂျ်ဘာရီရှိ ဒေါက်လက်ဒီရာမြို့မှ ပါတူရီယာမြို့သို့ ခရီးနှင်နေစဉ် ကုန်တင်သင်္ဘောတစ်စင်းဖြင့် တိုက်မိခဲ့သဖြင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်္ဘောမောင်းသူနှစ်ဦးအားဖမ်းဆီးထားကြောင်း နယ်မြေတာဝန်ခံရဲအရာရှိတစ်ဦးကပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကယ်ဆယ်ရေးသမားများက ကလေးငယ်တစ်ဦး၏အလောင်းအား ရှာဖွေတွေ့ရှိခဲ့သည်။ ကျန်ပျောက်ဆုံးနေသည့်သူများကို လိုက်လံရှာဖွေလျက်ရှိသည်။

ကုန်းတွင်းပိုင်း ရေလမ်းကြောင်းများစွာပါဝင်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်္ဘောနစ်မြုပ်မှုများမကြာခဏဖြစ်ပွားလျက်ရှိပြီး လူပေါင်းများစွာသေဆုံးခဲ့ရသည်။ အလားတူဖေဖော်ဝါရီ ၁၃ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ဘက်ပိုင်း၌ သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ အနည်းဆုံးလူ ခုနစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

**သည်ဂါးဒီယန်း**



## ယီမင်သမ္မတဟောင်း အကျယ်ချုပ်မှ ထွက်ပြေး

**ဆာနား ဖေဖော်ဝါရီ ၂၂**

ယီမင်နိုင်ငံတွင် သမ္မတဟောင်း အက်ဒရာဘတ်ချ်မန်ဆိုအာဟာဒီသည် ၎င်းအား ရာထူးမှ နုတ်ထွက်စေပြီး နေအိမ်အကျယ်ချုပ် ဖမ်းဆီးထားစဉ် ရက်သတ္တပတ်အနည်းငယ် အကြာတွင် မြို့တော်ဆာနားမှ ထွက်ပြေးခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နောက်ပိုင်းတွင် နိုင်ငံတောင်ပိုင်း အေဒင်မြို့သို့ ရောက်ရှိလာခဲ့သည်ဆိုသည်။

နိုင်ငံတော်ကို အုပ်ချုပ်ရန်အတွက် အသွင်ကူးပြောင်းရေးကောင်စီကို ဖွဲ့စည်းရေး အားပြိုင်ဘက်ပါတီများက သဘောတူညီကြပြီး နောက်တစ်ရက်တွင်ဖြစ်သည်။

ရှီယိုက်မူစလင်အုပ်စု ဟော့သီသူပုန်များက နိုင်ငံအုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းရယူပြီးနောက် ပြဿနာများပေါ်ပေါက်လာခဲ့သည်။

သမ္မတဟောင်းကို ၎င်း၏နေအိမ်မှ အဘယ့်ကြောင့် ထွက်ခွာခွင့်ပြုခဲ့သည်ဆိုသည်မှာ ရှင်းလင်းမှုမရှိပေ။

ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် ပြည်တွင်းနိုင်ငံရေး ပါတီအားလုံးက ဖိအားပေးသည့်အတွက် ၎င်းကို လွှတ်ပေးခြင်းဖြစ်သည်ဟု ၎င်း၏အနီးကပ်အကြံပေးများက အေပီသတင်းဌာနကို ပြောကြားခဲ့သည်။

မစ္စတာ ဟာဒီသည် အေဒင်ခရိုင်အတွင်းရှိ ၎င်း၏ နေအိမ်တွင်ရှိမည်ဟုဆိုသည်။

**ဘီဘီစီ။**

## တောင်ဆူဒန် ဒုက္ခသည်စခန်းမှ လူငယ် ၈၉ ဦးထက်မနည်းအား လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်

**ဂျူဘာ ဖေဖော်ဝါရီ ၂၂**

တောင်ဆူဒန်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းမှ လူငယ် ၈၉ ဦးထက်မနည်းအား လက်နက်များ ကိုင်ဆောင်ထားသည့်လူများက အတင်းအကျပ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာ အေဂျင်စီက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ တောင်ဆူဒန်နိုင်ငံမြောက်ပိုင်း မာလာကယ်မြို့ရှိ ဒုက္ခသည်များစခန်း၌ ဖြစ်ပွားခဲ့ကြောင်း ယင်းစခန်းမှာ တောင်ဆူဒန်အစိုးရနှင့် သူပုန်များအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများက ထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူထောင်ပေါင်းများစွာအား စစ်ဘေးဒုက္ခသည်များအဖြစ် လက်ခံဖွင့်လှစ်ထားသော စခန်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

အဆိုပါစခန်းရှိ အသက် ၁၂ နှစ် အထက်ရှိသော လူငယ်များအား အမျိုးအမည်မသိ လက်နက်ကိုင်များက တစ်အိမ်တက်ဆင်း ရှာဖွေကာ ဖမ်းယူသွားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာအဖွဲ့က ပြောကြားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ထုတ်ပြန်ကြေညာမှုတစ်ရပ် ပြုလုပ်ရာတွင် တောင်ဆူဒန်အစိုးရနှင့် သူပုန်အဖွဲ့အစည်းများအနေဖြင့် ကလေးစစ်သားများအသုံးပြုမှုရှိနေကြောင်း ဖော်ပြခဲ့ပြီး ယင်းအဖွဲ့၏ စွပ်စွဲဖော်ပြမှုကို တောင်ဆူဒန်အစိုးရက ငြင်းပယ်ခဲ့သည်။

တောင်ဆူဒန်နိုင်ငံသမ္မတ ဆာလ်ဗာကီယာက ၎င်း၏ ဒုတိယသမ္မတဖြစ်သူ ရစ်ခ်မာချာက အာဏာသိမ်းယူရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့သည်ဟူသော စွပ်စွဲချက်များ ၂၀၁၃ ခုနှစ်တွင် ထွက်ပေါ်ခဲ့ပြီးကတည်းက တောင်ဆူဒန်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည်။

ယင်းစွပ်စွဲချက်ကို ဒုတိယသမ္မတမာချာက ငြင်းဆိုခဲ့သော်လည်း တောင်ဆူဒန်၌ သူပုန်တပ်ဖွဲ့များက အစိုးရအား တိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပွားခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်အတွင်းက တောင်ဆူဒန်နိုင်ငံတစ်ဝန်း၌ ကလေးစစ်သားဦးရေ ၁၂၀၀၀ ခန့် သုံးစွဲ တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာ အဖွဲ့အစည်းက ယုံကြည်ခဲ့သည်။

တောင်ဆူဒန်အစိုးရနှင့် သူပုန်အဖွဲ့ကြားဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် တောင်ဆူဒန်ပြည်သူ ၁ ဒသမ ၅ သန်းခန့်မှာ မိမိတို့၏ အိုးအိမ်များကို စွန့်ခွာထွက်ပြေးရပြီး ပြည်သူ ၂ ဒသမ ၅ သန်းခန့်မှာ စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

တောင်ဆူဒန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်ထွန်းလာမည့် နိုင်ငံတစ်ခုဖြစ်ပြီး ၎င်းမှာ ၂၀၁၁ ခုနှစ်အတွင်းက ဆူဒန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိလာခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**



## အိုင်အက်စ်စစ်သွေးကြွများက ခားစာခံများအားလှောင်ချိုင့်ထဲထည့်ကာစီတန်းလှည့်လည်

**ကဘူး ဖေဖော်ဝါရီ ၂၂**

အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့ဖမ်းဆီးခေါ်ဆောင်ထားသည့် အီရတ်ကာဒစ္စတန်စစ်သား ဓားစာခံများအား လှောင်ချိုင့်ထဲတွင်ထည့်ကာ အီရတ်နိုင်ငံရှိ ၎င်းတို့ သိမ်းပိုက်ထားသော နယ်မြေများအတွင်း ကားများဖြင့် စီတန်းလှည့်လည်ခဲ့သည့်ဗီဒီယိုဖိုင်တစ်ခုကို တွစ်တာစာမျက်နှာပေါ်တွင်ယနေ့ ပြသခဲ့သည်။

ဗီဒီယိုဖိုင်ထဲတွင် ဓားစာခံ၂၁ယောက်ကို လိမ္မော်ရောင်အင်္ကျီများဝတ်ဆင်ထားပြီး အီရတ်နိုင်ငံ ကာကွဒ်စီရင်စုအတွင်း လူစည်ကားသောနေရာများတွင် စီတန်းလှည့်လည်ပြသခဲ့သည်။ မျက်နှာဖုံးစွပ်ထားကာ အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအလံများကို ဝှေ့ရမ်းပြီး လက်နက်များ ကိုင်ဆောင်ထားသည့် စစ်သွေးကြွများက ဓားစာခံများဘေးမှ လိုက်ပါခဲ့သည်။ ဓားစာခံတစ်ဦးစီကို ကားတစ်စင်းစီဖြင့် လှည့်လည်ခဲ့သည်။

ဓားစာခံများအား လှည့်လည်ပြသနေစဉ် စစ်သွေးကြွတစ်ဦးက ဓားစာခံများအား ရင်တွင်းခံစားချက်များကို အင်တာဗျူးခဲ့သည်။

"အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးဗီဒီယိုဖိုင်အသစ်ထဲမှာ အီရတ်ကာဒစ္စတန်စစ်သားတွေကို စီတန်းလှည့်လည်ပြသနေပြီ"ဟု လန်ဒန်ကင်းကောလိပ်ကျောင်းသား ရှီရက်ဂျ်မာဟာက ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင်ရေးသားထားသည်။

ယခုဗီဒီယိုဖိုင်သည် ယခင်ပြသခဲ့သောဗီဒီယိုဖိုင်များလောက် ဆိုးရွားမှုမရှိသော်လည်း အဆုံးသတ်တွင်မူ ဓားစာခံများအသက်စတေးရနိုင်ကြောင်း ရှီရက်ဂျ်မာဟာက သူ၏ထင်မြင်ယူဆချက်ကို ပြောသည်။

**ဒေးလီးမေးလ်**



ပြည်တွင်းရေးရာ



# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က လောက်ကိုင်မြို့တွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်းကျဆုံးခဲ့ကြသည့်တပ်မတော်သားများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လောက်ကိုင်ဒေသတွင် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်အတွက် အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သား များအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းမြို့ သောတာပန်ရပ်ရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စေတီတော်လိုဏ်ဂူအတွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အလှူငွေပေးအပ်ပွဲတွင် လောက်ကိုင်ဒေသ၌ ပြည်သူ တို့၏ အသက်အိုးအိမ် စည်းစိမ်အတွက် အသက်ပေးလှူ ခဲ့ကြသည့် တပ်မတော်သားများအတွက် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်က လှူဒါန်းငွေကျပ်သိန်း ၃၀၀ နှင့် ပိုင်ကုမ္ပဏီ နှင့် ကံ့ကော်မြိုင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၅၀ စီ လှူဒါန်း ကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းက လက်ခံရယူခဲ့သည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**


အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


# အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ ထုတ်ပြန်ကြေညာချက်

ကျောင်းသားများ ဦးဆောင်တောင်းဆိုချက်ဖြစ်သော အမျိုးသားပညာရေးဥပဒေ အချက်အလက်များကို နိုင်ငံတော်အစိုးရ အပါအဝင် ၄-ပွင့်ဆိုင်ဆွေးနွေးပွဲမှ သဘောတူလိုက်သဖြင့် ငြိမ်းငြိမ်းချမ်းချမ်း အရေးအခင်း တစ်ခု ပြီးဆုံးသွားသည်ကို ဆရာတော်များ အလွန်မတန်ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဤအရေးအခင်း၌ ကျောင်းသားများ၏ တက်ကြွစွာ ပါဝင်မှု၊ နိုင်ငံတော်အစိုးရ၏ စေတနာထားမှုတို့ကို ပေါ်ပေါ်လွင်လွင်တွေ့ရသဖြင့် ပို၍ ဝမ်းမြောက်ဂုဏ်ယူပါသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများ၌ ပြည်သူများသိရှိရန်

(က) မူလပြဋ္ဌာန်းပြီး အမျိုးသားပညာရေးဥပဒေ

(ခ) နောက်ထပ် ဖြုတ်ပယ်၊ ထည့်စွက်သည့် အမျိုးသားပညာရေးဥပဒေကြမ်းများကို သေချာစွာ နှိုင်းချိန် လေ့လာကြည့်သောအခါ-

နောက်ထပ် ဖြုတ်ပယ်၊ ထည့်စွက်သည့် အမျိုးသားပညာရေးဥပဒေကြမ်းများသည် **တိုင်းပြည်နှင့် လူမျိုး အနာဂတ်အတွက် ရတက်မအေးစရာများ၊ ကျောချမ်းစရာ ယိုပေါက်ဟာပေါက်များ၊ ကြီးမားသော ဘေးထွက်ဆိုးကျိုး များ၊ မသိမသာ မလိမ့်တပတ် နားလှည့်ပါးရိုက်မှုများ စသည်စသည်** မြောက်မြားစွာ ပါဝင်နေသည်ကို သတိထား မိသူ မျိုးချစ်များ၊ ပညာရှင်များ တွေ့မြင်ပြောဆိုဝေဖန်နေကြပါသည်။

**“ပညာမြင့်မှ လူမျိုးတင့်မည်”** ဆောင်ပုဒ်အတိုင်း အဆင့်မီသော အမျိုးသားရေးအတွက် ကောင်းကျိုးဖြစ် ထွန်းစေနိုင်သော ပညာရေးသည် တိုင်းပြည်နှင့် လူမျိုးအတွက် မဖြစ်မနေလိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းပြည်နှင့် လူမျိုးအနာဂတ်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍဖြစ်သည်အား လျော်စွာ အကောင်းဆုံး အမျိုးသားပညာရေးဥပဒေဖြစ်စေရေးအတွက် မည်သည့်အကြောင်းကြောင့်မျှ အလောတကြီး မဖြစ်စေဘဲ အဘက်ဘက်က အကောင်းဆုံးဖြစ်အောင် အချိန်ယူဆွေးနွေးတိုင်ပင်ရေးဆွဲကြပါဟု ထပ်မံ၍ လေးလေးနက်နက် အထူးတိုက်တွန်းအပ်ပါသည်။

အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ တိုင်းပြည်နှင့် လူမျိုးအတွက် အကြံပြုချက်များ ကိုလည်း လွှတ်တော်အရပ်ရပ်သို့ အခါအားလျော်စွာ အချိန်မီ ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း မဘသအဖွဲ့ကြီးမှ သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဘဒ္ဒန္တ တိလောကာဘိဝံသ**
**ဥက္ကဋ္ဌ၊ မဘသအဖွဲ့(ဗဟို)၊**
**အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ**
**ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။**

**စာအမှတ်၊** ၀၀၂၆/ စီမံ-မဘသ/၂၀၁၅
**နေ့စွဲ ၊** ၁၃၇၆ ခု၊ တပေါင်းလဆန်း ၄ ရက်၊
(ဖေဖော်ဝါရီ-၂၁၊ ၂၀၁၅)၊ စနေနေ့

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက် ဘိုလ်ကီးယား ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**


ထူးခြားသည့်
ညအပူချိန်များ
ဟားခါး
၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၅ ဒီဂရီစင်တီဂရိတ်


# ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရား လွှတ်တော်များ၊ခရိုင်တရားရုံးများ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက ထပ်ဆင့်ရှင်းလင်းမှာကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး များနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၁၈၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**


t rnjznpuacqy&e
မန္တလေးမြို့ ELCကိုယ်ပိုင်အထက်တန်း ကျောင်းဒဿမတန်းမှ မောင်သန့်သော်ဇင် အားယနေ့မှစ၍ မောင်သန့်သော်ဇင်(ခ) မောင်တင်ထွဋ် ဟုဖြည့်စွက်ခေါ်ဆိုပါရန်။
မောင်သန့်သော်ဇင်(ခ)မောင်တင်ထွဋ်



Y.E.S. Since 1994
International English Language Centre
Basic Spoken English
Mon to Thurs-10:00-12:00am 9 Feb
Mon to Thurs 1:00-3:00pm 9,23 Feb
Sat & Sun - 9:00-12:00 am 14,28 Feb
Mon to Thurs-7:30-9:30am 16 Feb
Mon to Thurs-3:00-5:00pm 16,23 Feb
Mon to Thurs-5:30-7:00pm 23 Feb
Mon to Thurs 12:30-3:30pm 28 Feb
Pre-Intermediate English
Mon to Thurs 10:30-12:30am 9 Feb
Mon to Thurs-70:30-9:30 am 23 Feb
Mon to Thurs 10:00-12:00am 23 Feb
Sat & Sun - 12:30-3:30 pm 28 Feb
Vocabulary Enrichment Course
Mon to Thurs - 3:30-5:00 pm 16 Feb
Grammar Foundation Course
Sat & Sun - 9:00-12:00 am 14 Feb
Mon to Thurs - 3:30-5:00 pm 16 Feb
Structure & Written Expression
Sat & Sun - 3:30-6:30 pm 7 Feb
Mon to Thurs-1:00-3:00pm 16 Feb
Sat & Sun - 9:00-12:00 am 21 Feb
Basic Writing Course
Mon to Thurs - 10:00 - 12:00am 16 Feb
Mon to Thurs - 3:00 - 4:30pm 16 Feb
TOEFL, SAT, IELTS, AWC, IE, API
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5&6 Mon to Thurs : 8-10am 16 Mar
Level II G - 7&8 Mon to Thurs : 8-10am 16 Mar
Level III G - 9&10 Mon to Thurs : 8-10am 16 Mar
No.190, 2nd Flr, 28th St (Upper), Pabedan Tsp. Ph: 01-243950, 246910



တာအုပ်တာပေ လူ့မိတ်ဆွေ



OYC ၆နွေ
(၃)လမြောက် သင်ရိုးကုန်သင်တန်းကြီး
မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ■ ဦးဝေမင်းအိမ်
သင်္ချာ ■ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ■ ဆရာသုတ
ရူပ ■ ဦးကျော်မိုးလတ်
ဇီဝ ■ ဒေါက်တာမြသိန်း
ဘောဂ ■ နိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201



ရွှေအိုးစည် နွေကျောင်းပိတ်ရက်ခရီးစဉ်များ
50% DISCOUNT
Feb27 Mar 6 Mar 20
373275, 0949219404, 708342

***National Network for Education Reform (NNER)*****နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# ကျောင်းသားသမဂ္ဂနှင့် အစွန်းတရားနှစ်ပါး

**အောင်ဟိန်း**

အမျိုးသားပညာရေးဥပဒေတွင် လူပြောအများဆုံးစကားလုံးကို ရွေးပါဆိုလျှင် ကျောင်းသားသမဂ္ဂစကားလုံးကိုပင်ရွေးရပါမည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းတစ်လျှောက်မှ အစိုးရအဆက်ဆက်ကလည်း ကျောင်းသားသမဂ္ဂဆိုသည်နှင့် လက်ဝဲသမားများ၊ ဗကပမြေပေါ်၊ မြေအောက်ယူဂျီများ အုပ်စီးထားသောတကသ၊ ဗကသတို့ကိုပြေးမြင်ပြီး ထိုစကားလုံးကို နားခါးသည်။ ကျောင်းသားများအနေဖြင့်လည်း ကျောင်းသားသမဂ္ဂဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ ကိုဗဟိန်း စသည့်ကျောင်းသားခေါင်းဆောင်များ၏ သမိုင်း၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းနှင့် ဆက်စပ်လျက်ရှိသော သင်္ကေတဖြစ်သည်။ ယခု ပညာရေးဥပဒေကိုရေးဆွဲချိန်တွင် ပညာရေးဝန်ကြီးဌာနက သမဂ္ဂဆိုသော စကားလုံးကိုရှောင်သည်။ ကျောင်းသားများက ထည့်ချင်သည်။ နောက်ဆုံး ပညာရေးဥပဒေကိုဆန့်ကျင်သည့် လှုပ်ရှားမှုများ၏အစမှာ ကျောင်းသားသမဂ္ဂ စကားလုံးကို အငြင်းပွားရာမှ စသည်ဟုဆိုလျှင်မှားမည်မထင်။

အမျိုးသားပညာရေးဥပဒေကို ဆန့်ကျင်သည့်ကျောင်းသားများ၏ ဆန္ဒပြချီတက်မှုများပေါ်ပေါက်လာပြီးနောက် လေးပွင့်ဆိုင်ဆွေးနွေးမှုများအပြီးတွင် NNER နှင့် သပိတ်မှောက်ချီတက်နေသည့် ကျောင်းသားကိုယ်စားလှယ်များကရေးဆွဲသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကိုတင်သွင်းရန် ပညာရေးဝန်ကြီးဌာနက သဘောတူခဲ့သည်။ သို့သော် အခြေခံဥပဒေအရ လွှတ်တော်ကိုတင်သွင်းရန်အတွက် ပညာရေးဝန်ကြီးဌာနကသာ တင်သွင်းရမည်ဖြစ်သည်။ တင်သွင်းမည့်ဌာနနှင့် ရေးဆွဲသူများအကြား ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ညှိနှိုင်းရာတွင် ကျောင်းသားများဘက်က တစ်လုံးတစ်ပါဒမှ အပြင်မခံဟု ကြားရသည်။ အစည်းအဝေးတက်သည့် ကျောင်းသားများ၊ ကွန်ရက်ကပညာရှင်များကလည်း ၎င်းအတိုင်းပင်ပြောခဲ့သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနက သူတို့ဆွဲတာမဟုတ်ပါ။ ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနဲ့ ဦးအောင်မိုင်းဆန်းတို့ရေးဆွဲသော ဥပဒေကြမ်းအတိုင်း တင်ပါသည်ဆိုသည့်မှတ်ချက်နှင့် လွှတ်တော်ကိုတင်သွင်းပြီး သတင်းစာများတွင် ဖော်ပြခဲ့သည်။

ထိုပြင်ဆင်ချက် ဥပဒေကြမ်းကိုကြည့်မည်ဆိုလျှင် ကျောင်းသားသမဂ္ဂဆိုသည့် စကားလုံးကို အစိုးရဘက်ကအသုံးပြုရန် ငြင်းဆန်မှုကို မကျေနပ်သည့် ခံစားချက်များ လွှမ်းမိုးနေခြင်းကိုတွေ့ရသည်။ ထိုခံစားချက်များကြောင့် ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍက ကျောင်းသားအခွင့်အရေးအတွက် ဆောင်ရွက်ရန်ထက်ကျော်လွန်ပြီး အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအပိုင်းများတွင် ဝင်ပါနေခြင်းကို တွေ့ရမည်ဖြစ်သည်။ တချို့အချက်တွေက ရေးသူတွေမည်သို့တွေးပြီးရေးသည်မသိ၊ လက်တွေ့နှင့် ကင်းကွာလွန်းလှသည်။

ဥပမာ NNER နှင့် ပညာရေးဥပဒေကိုဆန့်ကျင်သည့် လှုပ်ရှားမှုကို ခေါင်းဆောင်နေသည့်ကျောင်းသားများ၏ ပြင်ဆင်ချက်ဥပဒေအရ ကျောင်းအားလုံးတွင် ကျောင်းသားသမဂ္ဂရှိရမည် ဖြစ်သည်။ ရုတ်တရက်ဖတ်လိုက်လျှင်ဟုတ်သလိုလိုထင်ရသည်။ သို့သော် ပညာရေးဥပဒေက ကျောင်းများကို အဓိပ္ပာယ်ဖွင့်ဆိုထားရာတွင် ကျောင်းဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ကြားသင်ယူသည့်ဌာနဟု ဖော်ပြထားသည်။ ထို့ကြောင့် မူကြိုကျောင်းမှစပြီး ကျောင်းသားသမဂ္ဂမဖြစ်မနေဖွဲ့ရမည့် အခြေအနေတွင်ရှိနေပေသည်။ ဤအချက်မှာ လက်တွေ့ကျ၊ မကျ၊ အများရယ်စရာဖြစ်၊ မဖြစ် ရေးဆွဲသူများ သတိပြုမိဟန်မရှိပေ။

ထို့အတူ မူလအမျိုးသားပညာရေးဥပဒေတွင် ထူးခြားသည့်သဘာဝရှိသည့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ဖွင့်ထားသည့် ကျောင်းများကို ပညာရေးဥပဒေအရ စီမံခန့်ခွဲမှုမှ ကင်းလွတ်ခွင့်ပေးထားခြင်းကိုလည်း ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် ပရိယတ္တိတက္ကသိုလ်များ၊ ခရစ်ယာန်ကျမ်းစာသင်ကျောင်းများ၊ အခြားဘာသာများ၏ ဘာသာရေးသင်တန်းကျောင်းများမှာလည်း ကျောင်းသားသမဂ္ဂများ ဖွဲ့ရတော့မည်လားဟု မေးခွန်းထုတ်ရပါတော့မည်။

အလားတူပင် NNER နှင့် ပညာရေးဥပဒေကို ဆန့်ကျင်သည့် လှုပ်ရှားမှုကို ခေါင်းဆောင်နေသော ကျောင်းသားများ၏ ပညာရေးဝန်ကြီးဌာနအပေါ်ထားရှိသည့် မကျေလည်မှုကို အခြားပုဒ်မများတွင်လည်းတွေ့နိုင်သည်။ ယခုတင်ထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် လေ့လာလျှင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအားလုံးတွင် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ ပါဝင်သည်။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင်လည်း ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍပါဝင်သည်။ ကျောင်းသားသမဂ္ဂကလက်ခံသည့် ကိုယ်စားလှယ်ငါးဦး၊ လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်သည့် ကိုယ်စားလှယ်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သည့် ကိုယ်စားလှယ်နှစ်ဦးဖြင့် အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို ဖွဲ့မည်ဟုဆိုရာတွင် ကျောင်းသားသမဂ္ဂက လက်ခံသည်ဆိုသည့် စကားရပ်၏ ကျယ်ပြောလှသော အနက်အဓိပ္ပာယ်ကို စဉ်းစားကြည့်လျှင် စိုးရိမ်စရာကောင်းလှသည်။

တစ်နိုင်ငံလုံးရှိ ကျောင်းများ (ယခု ဥပဒေကြမ်းအရဆိုလျှင် မူကြိုမှ သာသနာရေးဆိုင်ရာတက္ကသိုလ်အထိဟုနားလည်သည်။) က ထောင်သောင်းချီသည့် သမဂ္ဂတွေက မည်ကဲ့သို့စနစ်နှင့် မည်သို့ရွေးမည်လဲ။ သင်ကြားခံရမည့် ကျောင်းသားက ကိုယ်သင်ရမည့်သင်ရိုးညွှန်းတမ်းကို ရေးဆွဲမည့်သူကို ရွေးချယ်ပေးတဲ့စနစ် နိုင်ငံတကာမှာပါကျင့်သုံးမှုများရှိသလား။ လေ့လာရန်လိုပါမည်။ မိမိလက်လှမ်းမီသမျှမတွေ့မိပါ။ ထို့အတူ ယခု ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆရာ၊ ဆရာမများခန့်ထားရာတွင်လည်း ကျောင်းသားသမဂ္ဂက ပါဝင်နေပြန်သည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို အကဲဖြတ်ခြင်း၊ ရာထူးတိုးခြင်းများတွင်လည်း ပါဝင်နေပြန်သည်။ ထိုအချက်များကိုလည်း လက်တွေ့ကျ၊ မကျ အားလုံးဝိုင်းစဉ်းစားသင့်ပါသည်။

လက်ရှိ အခြေခံကျောင်းများ၊ တက္ကသိုလ်ကောလိပ်များသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရပ်တည်နေသောကျောင်းများဖြစ်ပါသည်။ ဆရာ၊ဆရာမများက နိုင်ငံ့ဝန်ထမ်းများဖြစ်ပါသည်။ ထိုဝန်ထမ်းများခန့်ထားမှု၊ ရာထူးတိုးမြှင့်ပေးမှုများကို နိုင်ငံ့ဝန်ထမ်းဥပဒေအရသာ ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ ကျောင်းများက အစိုးရ အထောက်အပံ့မယူဘဲ မိမိဘာသာ ရပ်တည်နိုင်မည် သို့မဟုတ် ပုဂ္ဂလိကပိုင်အဖြစ် ရပ်တည်နေနိုင်သည်ဟုဆိုခဲ့ပါလျှင် NNER နှင့် သပိတ်မှောက်ကျောင်းသားများ ဖြစ်ချင်သည့်အတိုင်း ဖြစ်ကောင်းဖြစ်နိုင်ပါမည်။ သို့သော် ယနေ့ တက္ကသိုလ် ဘယ်နှစ်ခု၊ အခြေခံကျောင်းဘယ်နှစ်ကျောင်းက အလှူငွေ၊ သုတေသနလုပ်ငန်းများမှ ရရှိငွေဖြင့် ရပ်တည်နေနိုင်သည်ဆိုတာကို စဉ်းစားရန်လိုပါသည်။

> **ကျောင်းသားသမဂ္ဂသည် ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးမှုတွင် အရေးကြီးသည်။ ကျောင်းသားသမဂ္ဂ တစ်ခေတ်ဆန်းစေချင်သည်ဆိုလျှင် အစိုးရဘက်ကလည်း သမဂ္ဂဆိုသည့်စကားလုံးကို မကြောက်ဖို့လိုသည်။ ကျောင်းသားများဘက်ကလည်း သမဂ္ဂဟူသည် ကွန်မြူနစ်အယူအဆမဟုတ်သည်ကို နားလည်ဖို့လိုသည်။**

မိမိကိုယ်တိုင်လည်း တက္ကသိုလ်ကျောင်းသားဖြစ်ခဲ့ပြီး တက္ကသိုလ်ကျောင်းသား၏ မိဘလည်းဖြစ်နေသဖြင့် ယနေ့ပညာရေးစနစ်သည် ပြုပြင်ရန်လိုအပ်နေသည်ကို ယုံကြည်ပါသည်။ ထိုသို့ ပြင်ဆင်ခြင်းသည်အရည်အသွေးမြင့်မားရန်၊ မြို့ပြနှင့် ကျေးလက်အကြား ပညာရေးအဆင့်အတန်း ကွာခြားမှုကို လျှော့ချနိုင်ရန်၊ တက္ကသိုလ်များတွင် သင်ကြားရေးကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်ရန်အတွက်သာဖြစ်ရပါမည်။ မူလ အမျိုးသားပညာရေးဥပဒေသည် အထက်ပါရည်ရွယ်ချက်များအတွက် ရေးဆွဲထားခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ ပညာရေးလောကမှ ဆရာ၊ ဆရာမကြီးများ၏ ရှင်းလင်းချက်များအရလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်၊ ရန်ကုန်စိန်ရတုခန်းမတွင်၊ နေပြည်တော်တွင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ NNER မှ ဒေါက်တာသိန်းလွင်တို့လည်းပါသည်ဟု ဆိုသည်။ သို့သော် မည်သည့်အရာမျှ ပြီးပြည့်စုံမှုမရှိသည့် လောကထုံးစံအတိုင်း လွှတ်တော်က အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြီးသည့်အချိန်တွင် ဝေဖန်ထောက်ပြမှုများပေါ်လာသည်။ ထိုဝေဖန်မှုများကပင် ပညာရေးဥပဒေကို ဆန့်ကျင်သည့် လှုပ်ရှားမှုများပေါ်လာရခြင်းဖြစ်သည်။

အမျိုးသားပညာရေး ဥပဒေပြင်ဆင်လိုသည့် ပုဂ္ဂိုလ်များတွင်လည်း ပညာရေးအဆင့်အတန်းမြင့်မားစေလိုသည့် စေတနာရှိသည်ဟု ယုံကြည်ပါသည်။ သို့သော် ထိုဆန္ဒနှင့်စေတနာကို အကောင်အထည်ဖော်ရာတွင် ခံစားချက်များ၊ နိုင်ငံရေးအယူအဆများက လွှမ်းမိုးမသွားရန် လိုပါသည်။ ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း မှန်မှန်ကန်ကန်နားလည်ရန် လိုပါသည်။

ကျောင်းသားသမဂ္ဂသည် တက္ကသိုလ်ကျောင်းသားများကို နိုင်ငံရေး၊ လူမှုရေး အသိပညာများ ဖွံ့ဖြိုးလာရန် ကျောင်းသားရေးရာများကို တက္ကသိုလ်ကောင်စီအပါအဝင် သင်ကြားရေး၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကို တင်ပြပေးနိုင်ရန် ဆောင်ရွက်သောအဖွဲ့အစည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခဲ့ရာတွင် အောက်စ်ဖို့ဒ်တက္ကသိုလ်ကို နမူနာယူခဲ့သည်ဟု လေ့လာဖူးပါသည်။ ဗိုလ်ချုပ်တို့ခေတ်က နိုင်ငံရေးခေါင်းဆောင်အသီးသီးကို ဖိတ်ကြား၍ ဟောပြောပွဲများပြုလုပ်ခြင်း၊ စကားရည်လုပွဲများကျင်းပခြင်း၊ သမဂ္ဂခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံရေးအသိပညာများပွင့်လင်းလာရန်၊ ဒီမိုကရေစီကျင့်စဉ်များနှင့် ရင်းနှီးလာအောင် လုပ်ဆောင်ပေးခဲ့သည်ကိုတွေ့နိုင်သည်။ မည်သည့်ပါတီအတွက်မှ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပါ။

ဗိုလ်ချုပ်ကိုယ်တိုင်ပင်လျှင် နိုင်ငံရေးလုပ်မည်ဟု ဆုံးဖြတ်ပြီးချိန်တွင် ကျောင်းထွက်ပြီး ဒို့ဗမာအစည်းအရုံးကို ဝင်ရောက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလနှင့် ဗကပများက ကျောင်းသားသမဂ္ဂကို အုပ်စီးနိုင်အောင် အပြန်အလှန်ကြိုးပမ်းမှုမှစ၍ ကျောင်းသားသမဂ္ဂ၏ အနှစ်သာရပျောက်ခဲ့ရခြင်းဖြစ်သည်။ ယနေ့ ကျောင်းသားလူငယ်တို့ သမဂ္ဂတန်ဖိုးကို နားလည်မှုလွဲခဲ့ရခြင်းဖြစ်သည်။

ယခု လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ တင်သွင်းလိုက်သည့် ဥပဒေကြမ်းပါ ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍကို ဖတ်ကြည့်ရာတွင်လည်းကောင်း၊ အင်တာနက်ပေါ်တွင်တွေ့နေရသည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲ၌ ကျောင်းသားကိုယ်စားလှယ်များက တစ်ဖက်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များကို လက်ညှိုးငေါက်ငေါက်ထိုးပြီး တင်းတင်းမာမာပြောနေမှုများကို မြင်ရချိန်တွင်လည်းကောင်း၊ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ကျောင်းသားကော်မတီများက တက္ကသိုလ်ဆရာ ဆရာမများကို ဖောက်ပြန်ရေးသမားများအဖြစ် ဝေဖန်တိုက်ခိုက်ခြင်းများ၊ ကျောင်းသားကော်မတီများက ချွန်ဖို့မလို၊ နီဖို့လိုတယ်ဆိုပြီးကျောင်းဝင်ခွင့်များကို ပြင်ဆင်ခဲ့ခြင်းများ (ယခု ဥပဒေကြမ်းတွင်လည်း ကျောင်းသားများတက်ချင်သည့် ကျောင်းတက်ခွင့်ရရမည်ဟု ပါရှိသကဲ့သို့ မူလဥပဒေပါ ထူးချွန်ကျောင်းသားများကို ပညာသင်ဆုပေးနိုင်သည့် ပြဋ္ဌာန်းချက်ကိုလည်း ပယ်ဖျက်ထားသည်။)ကို ပြန်ပြီး အမှတ်ရမိသည်။ ထိုအချိန်ကတရုတ်နိုင်ငံ၏ ပညာရေးစနစ် မည်သို့ဖြစ်သွားသည်ကို လေ့လာနိုင်ပါသည်။ တိန့်ရှောင်ဖိန် အာဏာရလာပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရချိန်တွင် လက်ဝဲစွန်းသမားများ၏ ကျောင်းကော်မတီများကို ဖယ်ရှားပြီး အရည်အသွေးမြင့်မားရေးကို အများကြီးပြန်လုပ်ခဲ့ရသည်။

ကျောင်းသားသမဂ္ဂသည် ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးမှုတွင် အရေးကြီးသည်။ ကျောင်းသားသမဂ္ဂတစ်ခေတ်ဆန်းစေချင်သည်ဆိုလျှင် အစိုးရဘက်ကလည်း သမဂ္ဂဆိုသည့်စကားလုံးကို မကြောက်ဖို့လိုသည်။ ကျောင်းသားများဘက်ကလည်း သမဂ္ဂဟူသည် ကွန်မြူနစ်အယူအဆမဟုတ်သည်ကို နားလည်ဖို့လိုသည်။ ကွန်မြူနစ်များက တခြားနိုင်ငံက အစိုးရတွေကို တိုက်ခိုက်ရန်အတွက်သာ သမဂ္ဂဆိုသည့်စကားကိုသုံးပြီး ကျောင်းသားများကို ခုတုံးလုပ်နေခြင်းဖြစ်သည်။ မည်သည့် ကွန်မြူနစ်နိုင်ငံက တက္ကသိုလ်မှာမှ လွတ်လပ်သော ကျောင်းသားသမဂ္ဂမရှိပါ။ ပါတီကချုပ်ကိုင်ထားသော ကျောင်းသားအဖွဲ့အစည်းသာရှိသည်။ သို့သော် ယနေ့ကျောင်းသားသမဂ္ဂသမိုင်းကို တွင်တွင်ပြောနေသူများကိုကြည့်လျှင် ကွန်မြူနစ်ဟောင်းများ၊ သူတို့မျိုးဆက်များသာဖြစ်သည်ကို တွေ့ရပါမည်။ သူတို့ကို တရုတ်နိုင်ငံက တက္ကသိုလ်များတွင် လွတ်လပ်သောသမဂ္ဂရှိသလားဟု ကြုံရင်မေးကြည့်ကြပါ။

သို့ဖြစ်၍ ကျောင်းသားသမဂ္ဂသည် ဒီမိုကရေစီရေခံမြေခံတွင်သာ ဖွံ့ဖြိုးသည့်အရာ ဖြစ်သည်။ ယခုအခါ အစိုးရ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ ရလဒ်အဖြစ် ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးကိုပြောနိုင်၊ တောင်းဆိုနိုင်ကြခြင်းဖြစ်သည်။ ထိုစကားလုံးကို စိုးရိမ်သည့် အစိုးရပင်လျှင် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ကျောင်းသားသမဂ္ဂဆိုသောစကားလုံးကို လက်ခံလာပြီဖြစ်သည်။

ထို့ကြောင့် အမျိုးသားပညာရေးဥပဒေတွင် စစ်မှန်သော ကျောင်းသားသမဂ္ဂပေါ်ပေါက်ရေးအတွက် အစွန်းနှစ်ဖက်ကိုရှောင်ရှားပြီး ပြင်သင့်သည်များကို ပြင်စေလိုပါသည်။ ထို့နောက်တွင်မူ အမှန်တကယ်ကျောင်းတက်နေသောကျောင်းသားများပါဝင်သည့်၊ ကျောင်းသားများကို အမှန်တကယ်ကိုယ်စားပြုသည့် ကျောင်းသားသမဂ္ဂများ ပေါ်ပေါက်ရန်အတွက် ကျောင်းသားထုကြီးတစ်ရပ်လုံးက ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။ ။



# ရွှေတြိဂံနယ်မြေ မြန်မာ-ထိုင်း-လာအို ဆွမ်းဆန်စိမ်း စုပေါင်းလှူဒါန်း

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မြန်မာ-ထိုင်း- လာအို သုံးနိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးမှုရှိစေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် သံဃနာယကဥက္ကဋ္ဌဆရာတော် ဒေါက်တာ မဟာဖောင်ပီယထီးလိုနှင့် မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး နိုင်းစုမ်ချိုင်းနှင့် မယ်ဆိုင်မြို့နယ် သာသနာပြန့်ပွားရေးအဖွဲ့တို့ကကြီးမှူး၍ ရွှေတြိဂံနယ်မြေဖြစ်သည့် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်အလှူရှင်များက သံဃာတော်အပါး ၁၀၀၀၀ အား မယ်ဆိုင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့မှ မြန်မာ-ထိုင်း- အမှတ်(၁) ချစ်ကြည်ရေးလမ်းထိပ်ထိ မယ်ဆိုင်-ဗန်ကောက်အဝေးပြေးလမ်းမကြီး တစ်လျှောက် ဖေဖော်ဝါရီ ၂၂ ရက် ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၆ နာရီခွဲက စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သုံးနိုင်ငံ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကာ ထိုင်းစံတော်ချိန် နံနက် ၇ နာရီတွင် မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး နိုင်းစုမ်ချိုင်းမှ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကြွရောက်လာသည့် ထိုင်း-မြန်မာ-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် ငါးနိုင်ငံမှ သံဃနာယက ဆရာတော်ကြီးများအား နှစ်နိုင်ငံ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများက ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ချင်းရိုင်ခရိုင်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ မဟာဖောင်ပီယထီးလိုက ဩဝါဒမိန့်ကြားပြီးနောက် အလှူရှင်များက သံဃာတော်အပါး ၁၀၀၀၀ ကျော်အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

အဆိုပါ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ထိုင်းနိုင်ငံ ချင်းရိုင်မြို့မှ သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ မဟာဖောင်ပီယထီးလိုအမှူးပြုသော သံဃာတော်များ၊ လာအိုနိုင်ငံ ဗဟိုသံဃနာယကဥက္ကဋ္ဌ ထေဖဝုန်း ဆွမ်လိပ်ဖရဆန်ခါရဆရာတော် အမှူးပြုသောသံဃာတော်များ၊ ကမ္ဘောဒီးယားနိုင်ငံမှ ဗဟိုသံဃနာယက ဆရာတော် ဆွမ်လိပ်ဖရ အခရမဟာဆံခါရာနာတိပဒိ အမှူးပြုသော သံဃာတော်များ၊ မြန်မာနိုင်ငံမှ မိုင်းဖြတ်မြို့နယ် မြို့နယ်သံဃနာယကဆရာတော် ဦးကောဝိဒ အမှူးပြုသောသံဃာတော်များ၊ ဗီယက်နမ်နိုင်ငံမှ ဗဟိုသံဃနာယက အဖွဲ့ဝင်ဆရာတော် ဒေါက်တာ ထိတီယန်တင် အမှူးပြုသောသံဃာတော်များ၊ မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး နိုင်းစုမ်ချိုင်းနှင့် ဌာနဆိုင်ရာများ၊ မယ်ဆိုင်မြို့နယ် လူမှုကရုဏာအသင်းမှ အသင်းသူ အသင်းသားများ၊ တာချီလိတ်မြို့ အလင်းရောင်ပရဟိတ အသင်းသူ အသင်းသားများ၊ သုံးနိုင်ငံမှ အလှူရှင်ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀၀ ခန့် တက်ရောက်ကြပြီး မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်အတွင်းရှိ ၁၂၁ ကျောင်းမှ သံဃာတော် ၁၃၆၈ ပါး၊ သီလရှင် ၅၉ ပါး စုစုပေါင်း ၁၄၂၇ ပါးနှင့် လာအိုနိုင်ငံ ဟွေဆိုင်းမြို့နယ်မှ သံဃာတော်အပါး ၂၀၀ ခန့် ကြွရောက်တော်မူကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်နယ်မြေတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုကာကွယ်ရန်အတွက် မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် မိမိအသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်နေသော တပ်မတော်သားများ၊ တိုက်ပွဲဝင်ရင်း နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သော တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများနှင့် အဆိုပါ တပ်မတော်သားများ၏ မိသားစုဝင်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်နေသော ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းပါဝင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်သည့်လုပ်ရပ်များကို ခုခံတွန်းလှန်တိုက်ခိုက်နေသည့် မြန်မာ့တပ်မတော်၏ဆောင်ရွက်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထောက်ခံအပ်ပါသည်။

၄။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**




# တိုင်းရင်းဧကရီရွေးချယ်ပွဲနှင့် တိုင်းရင်းသားရိုးရာဓလေ့ကပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြူးကြွသောတေးဂီတသံစဉ်များနှင့်အတူ ပရိသတ်တို့၏ အာရုံကို ညို့ယူဖမ်းစားပြီး တစ်လှမ်းချင်း စင်မြင့်ထက်သို့ တက်လှမ်းလာသည့် တိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံကို လှပစွာဆင်မြန်းထားသည့် တိုင်းရင်းသူလေးများ။

အဆိုပါ တိုင်းရင်းသူလေးများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးကိုယ်စားပြု အလှမယ်လေးများဖြစ်ကြပြီး ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းဧကရီပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် လှပျိုဖြူလေးများပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်လှမြင့်က "တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်းများကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်ပြီး ကျင်းပတာပါ။ ရန်ကုန်တိုင်းမှာက တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြတယ်လေ။ နှစ်စဉ်နှစ်တိုင်း တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးအောင် ဆိုတဲ့စိတ်နဲ့ အလျဉ်းသင့်သလို ကျင်းပခဲ့ပါတယ်။ စည်စည်ကားကားနဲ့ ပြည်သူ့ရင်ပြင်မှာလုပ်တာက ဒီနှစ်က ဒုတိယအကြိမ်ပါ" ဟုပြောသည်။

ခရိုင်ကိုယ်စားပြု အလှမယ်လေးများက ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဒေသကိုအခြေခံသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုအခြေခံသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် တိုင်းရင်းဧကရီ ပထမဆုကို ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မထွေးမြတ်ပိုအောင်၊ ဒုတိယဆုကို ရန်ကုန်တောင်ပိုင်းခရိုင်မှ မမော်သိုးမြာနှင့် တတိယဆုကို ရန်ကုန်အနောက်ပိုင်းခရိုင်မှ မဟယ်လင်ဒိန်းရှုန်ဟောက်တို့က အသီးသီးရရှိခဲ့ပြီး ဆုများကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေးက ချီးမြှင့်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာဓလေ့အကများ၊ တိုင်းရင်းသား အဆိုတော်များ၏ တေးသီချင်းဖျော်ဖြေမှုများ၊ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ညနေပိုင်းတွင် ဟားတစ်သိုက်နှင့် ဒီစတားအဖွဲ့လူရွှင်တော်များ၏ ဖျော်ဖြေတင်ဆက်မှုကလည်း ပရိသတ်ကို ပျော်ရွှင်မှုရသပေးစွမ်းနိုင်ခဲ့သည်။

တိုင်းရင်းသား ရိုးရာအစားအစာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၄၀ ခန့် ဈေးရောင်းပွဲတော်တွင် ထည့်သွင်းရောင်းချပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးဌာနကြီးမှူး ဒေါ်ခင်မေလတ်နှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးတို့က အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-သီသီမင်း)**



# တောင်ရိုးတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု စုံညီပွဲတော် ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၂**

ဆဌမအကြိမ်မြောက် တောင်ရိုးတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု စုံညီပွဲတော်ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကလောမြို့နယ် ဟဲဟိုးမြို့ ဘော်နင်းကုန်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် စုံညီပွဲတော်သို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို တောင်ရိုးတိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပေးပို့သော သဝဏ်လွှာအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ဖတ်ကြားကြောင်း သိရသည်။

ဆက်လက်၍ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးသောင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးများက ယဉ်ကျေးမှုအကအဖွဲ့များကို အလှူငွေပေးအပ်ခြင်းနှင့် ပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် စုံညီပွဲတော်သို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးများနှင့် အထူးဧည့်သည်တော်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များကစုံညီပွဲတော် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြပြီး အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ တောင်ရိုးတိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ခေတ်ဟောင်းမော်တော်ယာဉ် ၇၅ စီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၅၃ ဦး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် Essence of Myanmar Travels & Tours Co.,Ltd. ၏ စီစဉ်မှုဖြင့် ခေတ်ဟောင်းမော်တော်ယာဉ် ၇၅ စီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၅၃ ဦးတို့သည် မြန်မာနိုင်ငံအတွင်း လှည့်လည်လေ့လာရန်အတွက် မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည်။

အဆိုပါ မော်တော်ယာဉ်တန်းခရီးစဉ်သည် မော်လမြိုင်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ညအိပ်ရပ်နားခဲ့ပြီး ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနမှတာဝန်ရှိသူများက ကမ္ဘာလှည့်ခရီးသည်များအား ၎င်းတို့တည်းခိုရာ ရွှေနန်းတော်ဟိုတယ်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကားများနှင့် လာရောက်လည်ပတ်သည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသွားရောက်မည့် နေရာများမှာ မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်ဒေသများဖြစ်ပြီး မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေများ၊ ကြွယ်ဝသောယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အခွင့်သင့်ခိုက် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေအမှန်ကို မိမိတို့တိုင်းပြည်များသို့ ပြန်လည်ရောက်ရှိသည့်အခါ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများအား လက်ဆင့်ကမ်းပြန်လည်ပြောကြားပေးစေလိုပါကြောင်းဖြင့် ရင်းရင်းနှီးနှီးပြောဆိုနှုတ်ဆက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များသည် နေပြည်တော်တွင် ညအိပ်ရပ်နားပြီးနောက် ခေတ်ဟောင်းမော်တော်ယာဉ်များဖြင့် အင်းလေး၊ မန္တလေး၊ ပုဂံ၊ ရန်ကုန်စသည့်ဒေသများသို့ သွားရောက်လေ့လာလည်ပတ်ကာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး မော်တော်ယာဉ်များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်အန္တရာယ်ကြုံရပါက အန္တရာယ်ဆန်းစစ်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် အကြိမ် ၃၆၀ ဖြစ်ပွားခဲ့ပြီး အာဆီယံနိုင်ငံများတွင်လည်း ပြင်းထန်သည့် သဘာဝဘေးအန္တရာယ် ၁၄ ကြိမ် ရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်း ငလျင်အန္တရာယ် ဆန်းစစ်မှုဆိုင်ရာ ဆွေးနွေးပွဲမှသိရသည်။

“ မြန်မာနိုင်ငံဟာ ရေမြေအနေအထားအရ ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းနဲ့ ဆူနာမီရေလှိုင်း အန္တရာယ်ကဲ့သို့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပဲခူးမြို့မှာ လှုပ်ခတ်ခဲ့တဲ့ ၁၉၃၀ ခုနှစ် ငလျင်ဘေးကြောင့် လူပေါင်း၅၀၀ ကျော်နဲ့ ရန်ကုန်မြို့တွင် လူပေါင်း ၅၀ ဝန်းကျင် သေဆုံးခဲ့ပါတယ်။ ပဲခူး-တောင်ငူ-စစ်ကိုင်း-မန္တလေး စတဲ့ စစ်ကိုင်း ပြတ်ရွေ့ကြောပေါ်တွင် ငလျင်အန္တရာယ်တည်ရှိနေပြီး ငလျင်ရဲ့သဘောတရားအရ ငလျင်ကြီးလှုပ်ဖူးသောနေရာများတွင် နောက်ဆက်တွဲငလျင်ငယ်တွေ လှုပ်ခတ်လေ့ရှိပါတယ်။ ပဲခူးမြို့တွင် ငလျင်အန္တရာယ် ကြုံတွေ့ခဲ့တာ နှစ် ၈၀ ခန့်ကြာခဲ့ပြီးဖြစ်ပါတယ်။ အခု သတိထားနေရမယ့် ကာလဖြစ်ပါတယ်။ ရန်ကုန်မြို့တွင် ငလျင်ကြောနဲ့ အနီးစပ်ဆုံးအန္တရာယ်ဖြစ်နိုင်ခြေ ရှိတဲ့နေရာတွေဟာ ဘယ်နေရာတွေ ဖြစ်နိုင်တယ်ဆိုတာ အားလုံးသိထားဖို့လိုအပ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောသည်။

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်အန္တရာယ်ကြုံတွေ့ရပါက ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ နှင့်ပတ်သက်သည့် ငလျင်အန္တရာယ်ဆန်းစစ်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ECHO ဌာနကိုယ်စားလှယ် Mr. Nicolas Louis နှင့် UN-HABITAT (ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်)မှ Mr. Bijay Karmacharya တို့ကလည်း အမှာစကား ပြောကြားခဲ့ကြသည်။

ယခုဆွေးနွေးပွဲကို လေ့လာတွေ့ရှိချက်များနှင့်လုပ်ငန်းစဉ်မူဘောင်များအပြင် နိုင်ငံအတွင်း ငလျင်ဘေးအန္တရာယ် လေ့လာဆန်းစစ်ချက်များအား သက်ဆိုင်ရာအဖွဲ့အစည်းများမှ သိရှိစေရန် ဆောင်ရွက်ခြင်း၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တုံ့ပြန်ချက်များ ရယူခြင်း၊ မြို့တော်အတွင်း ဘေးအန္တရာယ်လျှော့ချရေးဆောင်ရွက်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများအား ရှာဖွေခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် UN-HABITAT တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက မြန်မာနိုင်ငံ ငလျင်အန္တရာယ်နှင့် မကြာမီက ဖြစ်ပွားခဲ့သော ငလျင်များမှ သင်ခန်းစာယူစရာများ၊ ငလျင်ဘေးနှင့် အန္တရာယ်ကျရောက်နိုင်မှု လေ့လာဆန်းစစ်ချက်အခြေအနေ၊ ရန်ကုန်မြို့တော်ငလျင်ဘေး လေ့လာဆန်းစစ်ချက်အဆိုပြုတင်ပြခြင်း၊ UN-Habitat မှ အကျိုးတူပူးပေါင်းမည့် လုပ်ဆောင်မှုများကိုဆွေးနွေးခဲ့ကြသည်။

**(ဝင်းဝင်းမော်)**



# မအူပင်မြို့နယ်အတွင်းရှိကျေးရွာများ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာအုပ်စု၊ ငါးဖားအိုင် ကျေးရွာအုပ်စု၊ ခြောက်ရွာကျေးရွာအုပ်စုနှင့် ရွှေတောင်မှော်ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်အတူ တက်ရောက်အားပေး ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သူဌေးကုန်းကျေးရွာအုပ်စု ဝါးရုံဂရက်ကျေးရွာနှင့် အိုးဘိုကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနား၊ ငါးဖားအိုင်ကျေးရွာ အုပ်စု ငါးဖားအိုင်ကျေးရွာ၊ မောင်းထောင်စုကျေးရွာနှင့် ညောင်ပင်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနား၊ ခြောက်ရွာကျေးရွာအုပ်စု ခြောက်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနား၊ ရွှေတောင်မှော်ကျေးရွာအုပ်စုရှိ ရွှေတောင်မှော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများနှင့် ရွှေတောင်မှော်ကျေးရွာ ဘောလုံးကွင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော သူဌေးကုန်းကျေးရွာအုပ်စု၊ ငါးဖားအိုင်ကျေးရွာအုပ်စု၊ ခြောက်ရွာကျေးရွာအုပ်စုနှင့် ရွှေတောင်မှော်ကျေးရွာအုပ်စုများမှ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ယနေ့ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပြီးဖြစ်သည့် ကျေးရွာအုပ်စုများမှ ပြည်သူများအနေဖြင့် လျှပ်စစ်မီးရရှိရေးကို နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ပြီး ယနေ့မှစ၍ လျှပ်စစ်မီးကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ယခုရရှိသည့် လျှပ်စစ်မီးကို အသုံးပြု၍ မိသားစုတစ်ပိုင်တစ်နိုင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ပြီး မိသားစုဝင်ငွေ ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သူဌေးကုန်းကျေးရွာအုပ်စု၊ ငါးဖားအိုင်ကျေးရွာအုပ်စု၊ ခြောက်ရွာကျေးရွာအုပ်စုနှင့် ရွှေတောင်မှော်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် (၁၁)ကေဗွီအေလိုင်း ၈ ဒသမ ၇ မိုင်၊ သုည ဒသမ ၄ ကေဗွီလိုင်း ၉ ဒသမ ၄ မိုင်၊ ၂၀၀ ကေဗွီအေ သုံးလုံးနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၅၁၉ အိမ်အား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပြီးဖြစ်သည့် အိမ်ထောင်စုများကဲ့သို့ ကျန်ရှိနေသေးသည့် ကျေးရွာ ၂၅ ရွာမှ အိမ်ထောင်စု ၃၀၀၀ ခန့်ရှိ ကျေးလက်နေပြည်သူ ၁၅၀၀၀ ကျော်တို့အတွက် မကြာမီ လျှပ်စစ်မီး ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်မြို့ တိုးမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ညောင်တုန်း-မအူပင် ၃၃ ကေဗွီဓာတ်အားလိုင်းမှ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဝင်းက ဓာတ်အားခွဲရုံ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ လျင်မြန်စွာ တည်ဆောက်ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားခဲ့ကြောင်း သိရသည်။ **(၀၇)**

### ❖ ရခိုင်မှ

နှစ်သင်းစလုံး အမှတ်လိုနေသည့် အသင်းများဖြစ်၍ လူစုံထုတ်ကာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မနောမြေအသင်းဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဓိကကစားသမားများဖြစ်သည့် ကမ်ဘူးနှင့် ဆမ်ဘာတို့က ခြေမပေါ်၍ အချည်းနှီးဖြစ်ခဲ့သည်။ ပွဲစဉ်(၆)တွင် ဇွဲကပင်ကို အနိုင်ယူပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည့် ရခိုင်အသင်းမှာ ယခုပွဲတွင်လည်း ပုံစံကောင်း ပြသနိုင်ခဲ့ပြီး မိနစ် ၂၀ မှာပင် အဖွင့်ဂိုးရရှိခဲ့သည်။ တိုက်စစ်မှူး ပြည်မိုးက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မနောမြေအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မိနစ် ၅၀ တွင် ရခိုင်အသင်း၏ ဒုတိယဂိုးကို ခွင့်ပြုရပြီး နောက်ပိုင်း ပြိုဆင်းသွားခဲ့သည်။ ရခိုင်အတွက် ဒုတိယဂိုးကို ပြည်မိုးကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၉ မိနစ်တွင် တောင်ပံကစားသမား နိုင်နိုင်ကျော်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ-တစ်ဂိုး(ကျော်ကျော်)**

**ဇွဲကပင်-ဂိုးမရှိ**

ယခုပွဲစဉ်များအပြီးတွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာ ဝတီအသင်းက ခြောက်ပွဲကစား၊ ၁၆ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ခုနစ်ပွဲကစား၊ ၁၅ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံရတနာပုံအသင်းက ခြောက်ပွဲကစား ၁၃ မှတ်ဖြင့် စတုတ္ထ၊ မကွေးအသင်းက ခုနစ်ပွဲကစား ၁၂ မှတ်ဖြင့် ပဉ္စမ၊ ချင်းယူနိုက်တက်က ခြောက်ပွဲကစား ရှစ်မှတ်ဖြင့် ဆဋ္ဌမနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ပြည်တွင်းရေးရာ

## တောင်ငူမြို့မြစည်းခုံဘုရားမှ ခမာကျောက်ရုပ်တုကြီးနှင့် ဧရာဝဏ်(ခေါင်းသုံးလုံးဆင်ရုပ်တု)

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃နာရီခွဲတွင် တောင်ငူမြို့ အနောက်ဘက် ခြောက်မိုင်ခန့် အမြန်လမ်းမကြီးနှင့် နှစ်မိုင်ခန့်အကွာ စပါးကြွယ်ကျေးရွာအုပ်စုရှိ ယခင်အခေါ် မြလိန္ဒဘုရား ယခု(မြနိန္ဒ)ဘုရားအား ငုံ၍ ပုဂံခေတ်ဂူဘုရားပုံပြန်လည်တည်ထားမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက မူလဘုရားမှရရှိထားသော ဌာပနာပစ္စည်းများအား စေတီရန်များတွင် ပြန်လည်ထည့်သွင်းဌာပနာခဲ့ကြောင်းကို အထောက်အထားဓာတ်ပုံမှတ်တမ်းများနှင့် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေးနှင့် အလေအလွင့်မရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှိ မြစည်းခုံဘုရားကြီးသို့ ရောက်ရှိကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားပရိဝုဏ်အတွင်းရှိ ခမာကျောက်ရုပ်တုနှင့် ဧရာဝဏ်ဆင်ကျောက်ရုပ်တု(ခေါင်းသုံးလုံးနှင့်ဆင်ရုပ်တု)များကို ကြည့်ရှုစစ်ဆေးရာ ဘုရားဂေါပကအဖွဲ့က မူလကတည်းက ရှိခဲ့သည့်ကျောက်ရုပ်တုနှစ်ခုဖြစ်ကြောင်း၊ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြသထားခြင်းဖြစ်ကြောင်း တင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျောက်ရုပ်တုကြီးသည် သမိုင်းတန်ဖိုးကြီးမားသဖြင့် ဖျက်ဆီးမခံရရေး၊ လုံခြုံရေး ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။ **(သတင်းစဉ်)**






## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတွက် အများပြည်သူအား အသိပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ လမ်းနှင့်တံတားဆိုင်ရာများကို အများပြည်သူသိရှိစေရေးအတွက် အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်များအရ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စွာ သွားလာအသုံးပြုနိုင်ရန် ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ပြီး လမ်းနှင့်တံတားများ၏ ခံနိုင်ဝန်အားမှာ တန် ၈၀ အထိ တင်ဆောင်သွားလာနိုင်သော ဒီဇိုင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သို့ရာတွင် Over Weight ပစ္စည်းများကဲ့သို့သော သတ်မှတ်ခွင့်ပြုတန်ချိန်ထက်ပိုသော ဝန်လေးပစ္စည်းများကို Transporter ယာဉ်များဖြင့် သယ်ဆောင်ရန် လိုအပ်သည့်အခါများတွင် တံတားများ၌ Ultimate Deflection များ မဖြစ်ပေါ်စေရေးအတွက် Girder များ၏ အောက်ခြေတွင် Prop ဒေါက်ထောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတွက်ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ တံတားများတွင် ဒေါက်ထောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအပေါ်၌ စိုးရိမ်ပူပန်မှုများမရှိစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အများပြည်သူအား အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

❒ ကျောဖုံးမှ

သုံးကြိမ်၊ အလုပ်သမားများနှင့် သုံးကြိမ်တိုင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပါကြောင်း၊ ယခုလိုကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၂၁ ရက်က တိုင်ရီဖိနပ်စက်ရုံသည် အလုပ်ရှင်/အလုပ်သမား သဘောတူညီမှုရရှိပြီး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ယနေ့တွင် Eland Myanmar အထည်ချုပ်စက်ရုံ Costec အထည်ချုပ်စက်ရုံတို့နှင့် Ford Glory အထည်ချုပ်စက်ရုံတို့ကို ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အလုပ်သမားကိုယ်စားလှယ် ၁၅ ဦးအားခေါ်ယူ၍ အလုပ်ရှင်၏ လိုက်လျောနိုင်မှုအခြေအနေများကို ချပြရှင်းလင်းခဲ့ပါကြောင်း၊ အလုပ်သမားများကို မိမိတို့၏ သားသမီးကဲ့သို့ သဘောထားပြီး ညှိနှိုင်းဆွေးနွေးပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့အနေဖြင့် ၁၇ ရက်မှစ၍ ယနေ့အထိ လုပ်ဆောင်ချက်များကို အမှန်သိရှိအောင် စာနယ်ဇင်းသမားများက အပြုသဘောဖော်ပြပေးဖို့ မေတ္တာရပ်ခံပါကြောင်း၊ ယခုလို ဆူပူမှုဖြစ်နေလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း၊ အစိုးရမှာသာ တာဝန်ရှိခြင်းမဟုတ်ဘဲ မီဒီယာများမှာလည်းတာဝန်ရှိကြောင်း၊ သတင်းဖြန့်ချိရေးအတွက် မီဒီယာများက အရေးကြီးကြောင်း၊ ကောင်းမွန်သည့် Message ရသည်ကို ပြဿနာကြီးထွားအောင်ဖြစ်ပွားစေနိုင်သည့် Message ပေးခြင်းမှာ ကောင်းမွန်ခြင်းမဟုတ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့က မည်သို့ညှိပေးနေကြောင်း၊ Win-Win Situation ဖြစ်အောင် ဆောင်ရွက်ပေးနေကြောင်းကို အလုပ်ရှင်၊ အလုပ်သမားနှင့် ပြည်သူတို့သိအောင် Message ပေးစေလိုကြောင်း၊ သတင်းမီဒီယာများက အကြံပြုခဲ့သည့် မြန်မာနိုင်ငံတွင် မြေဈေးကြီးမှုအခြေအနေရှိကြောင်း၊ ဗီယက်နမ်မှာ မြေများလျှော့ယူသလို လုပ်ပေးနိုင်လျှင် အလုပ်သမားများလုပ်ခပိုမိုပေးနိုင်ကြောင်း၊ ပစ္စည်းတင်သွင်းရာတွင် အခွန်နှစ်ထပ်ဖြစ်နေခြင်းကိုစွအား ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ပစ္စည်းတင်သွင်းရာတွင် အချိန်ကြာမြင့်ခြင်းကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ အလုပ်သမားပြဿနာများ ဖြေရှင်းပေးရန် ကောင်းမွန်သည့် အကြံဉာဏ်များပေးစေလိုကြောင်း၊ ပေါင်းစပ်ညှိနှိုင်း အဖြေရှာသွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ပြောကြားရာတွင် ယခုဖွဲ့စည်းထားသောအလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွင် နယ်မြေရှိစက်ရုံများ၏ အငြင်းပွားမှုတို့ကို ဖြေရှင်းရန်ပါဝင်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများဥပဒေနှင့်အညီလုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် လုပ်ငန်းခွင် အေးချမ်းသာယာမည်ဖြစ်ကြောင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းက ပြောကြားရာတွင်



ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

၁၇-၂-၂၀၁၅ ရက်မှ ၂၂-၂-၂၀၁၅ ရက်အထိ ဥပဒေနှင့်အညီအလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ရာခိုင်နှုန်းအတော်များများ အောင်မြင်နေပါကြောင်း၊ တည်ဆဲဥပဒေကိုလိုက်နာရမည်၊ ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းမီဒီယာများမှ အလုပ်သမားများကို တည်ဆဲဥပဒေအရလုပ်ကိုင်ပေးရန် ပြောကြားပေးပါရန် မေတ္တာရပ်ခံကြောင်းပြောကြားခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုဖြစ်ခဲ့လျှင် ပထမဦးစွာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဖြင့် ညှိနှိုင်းရခြင်း၊ ပြေလည်မှုမရရှိခဲ့လျှင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တက်ရောက်ရခြင်း ခုံသမာဓိအဖွဲ့သို့ လည်းကောင်း၊ ခုံသမာဓိကောင်စီသို့လည်းကောင်း အဆင့်ဆင့်လျှောက်ထားရကြောင်း၊ လုပ်ငန်းခွင်အေးချမ်းရေး အလုပ်ရှင်၊ အလုပ်သမားနားလည်မှုရှိရန်လိုကြောင်း၊ အငြင်းပွားသော စက်ရုံများ၏ လုပ်ခလစာတိုးမြှင့်တောင်းခံမှုနှင့် ပတ်သက်၍ အလုပ်ရှင်များကို ရှင်းလင်းဆွေးနွေးပြီး အလုပ်ရှင်၏ လိုက်လျောမှုကို အလုပ်သမားများအား ယနေ့တွင် ရှင်းလင်းချပြခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ ဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များအား သက်ဆိုင်ရာများမှ ပြန်လည်ဖြေကြားခဲ့ပြီး ဒုတိယဝန်ကြီး ဦးထင်အောင်က ယခုစာနယ်ဇင်းရှင်းလင်းပွဲသည် ပြည်သူများ ပြန်လည်သိရှိရန်နှင့် သံသယမရှိရန် ပြန်လည်ဖြေကြားပေးခြင်းဖြစ်ပါကြောင်း၊ ယနေ့ပြောပြမှုကို နှစ်ဖက် မျှတအောင်၊ ပြည်သူများသိအောင် အပြုသဘောဖော်ပြပေးဖို့ မေတ္တာရပ်ခံပါကြောင်း၊ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆွေးနွေးပေးသော အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဖြစ်ပါကြောင်း၊ အလုပ်သမားများအတွက် အားစိုက်ပြီး လုပ်ဆောင်နေပါကြောင်းနှင့် အလုပ်ရှင်၊ အလုပ်သမားအကြားတွင် အလုပ်သမားများ၏ တောင်းဆိုချက်များကို အလုပ်ရှင်များထံမှ လိုက်လျောနိုင်မှုများကို ခက်ခက်ခဲခဲရယူပြီး ၂၂-၂-၂၀၁၅ ရက်တွင် Eland Myanmar အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများကို ချပြရှင်းလင်းခဲ့ပါကြောင်း၊ အပြုသဘောဆောင်သည့် ညှိနှိုင်းရေးကို ဦးတည်ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် ဒို့ကျေပွန်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်ကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ အလှူရှင်များနှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။




အခမ်းအနားတွင် အလှူရှင်များက နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သားများအတွက် အလှူငွေကျပ် ၂၇၆၀၂၅၂၀၀ အား ပေးအပ်ကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေးနှင့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်နေလင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားတက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

**ဒုတိယဗိုလ်မှူးကြီး သန့်ဇော်-၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆ (ရန်ကုန်)**
**ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး -၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃(လားရှိုး)**

✪ ကိုးကန့်မှ

ယခုအခါ လောက်ကိုင်-တာရွှေထန် (၁၈) မိုင်-ညံခွမ်း လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး လမ်းပန်းဆက်သွယ်မှုများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်သော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၁ ရက်တွင် နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များသည် လောက်ကိုင်မြို့အနီးတစ်ဝိုက်၌ တစ်ကြိမ်၊ လော်ကွာကျိုင်းအနီးတစ်ဝိုက်၌ တစ်ကြိမ်၊ လုံထန်ရွာအနီး၌ တစ်ကြိမ် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ယနေ့မွန်းလွဲပိုင်းအထိ ထိတွေ့တိုက်ပွဲ စုစုပေါင်း ငါးကြိမ် ဖြစ်ပွားခဲ့ပြီး အထက်ပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ အလောင်း သုံးလောင်း၊ လက်နက်ငယ်မျိုးစုံ ခုနစ်လက်၊ ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြား အမှုန့် ၂ ဒသမ ၅ ကီလိုဂရမ်ခန့်၊ အိုက်စ် ၂ ဒသမ ၅ ကီလိုဂရမ်ခန့်တို့အား သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ စစ်သည် လေးဦး အသက်ပေးလှူခဲ့၍ အရာရှိ/စစ်သည် ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသော အရာရှိ/စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းတွင် လောက်ကိုင်မှ ကွမ်းလုံသို့ ထွက်ခွာလာသော သတင်းထောက်များနှင့် တိုက်ပွဲရှောင်ပြည်သူများ တင်ဆောင်လာသည့် ကြက်ခြေနီအလံလွှင့်ထူထားသော ယာဉ်အား ပါစင်ကျော်နှင့် ချင်းရွှေဟော်ကြားတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းက သွားရောက်တိုက်ခိုက်ရှင်းလင်းခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကယ်ထုတ်ကာ သတင်းထောက် တစ်ဦးနှင့် ပြည်သူ သုံးဦးအား ကွမ်းလုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာသွားသော သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်သားများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**တောင်ငူ ဖေဖော်ဝါရီ ၂၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင်ဒေသအတွင်း နိုင်ငံတော်လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ အသက်ပေးလှူသွားကြသော တပ်မတော်သားများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအတွက် အလှူငွေနှင့်အစားအစာပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်အသီးသီးက အလှူငွေကျပ် ၈၇၈၈၇၅၀၀ နှင့် ငွေကျပ် ၁၅၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်းများအား ပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်အောင်ကျော်ဇောက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**






# ကမ်းပြိုကာကွယ်ရေးနှင့် သောင်တူးလုပ်ငန်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းသည် မတ္တရာမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးနှင့် သောင်တူးလုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ဝန်ကြီးသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က ဆောင်ရွက်ခဲ့သော ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ သူဌေးကုန်းကျေးရွာအနီးတွင် ယခင်နှစ်က ကာကွယ်ရေးလုပ်ခဲ့ပြီးသော်လည်း ဇန်နဝါရီလက ရေလမ်းကြောင်းပြောင်းလဲကာ ရေဦးထိုးလာသဖြင့် ကမ်းပြိုမှုကိုလည်းကောင်း စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးကဒေသခံများနှင့်တွေ့ဆုံကာ မြစ်ကမ်းတစ်လျှောက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်နေကြောင်း၊ မြစ်ကြောင်းမှာ အစဉ်ပြောင်းလဲနေသဖြင့် ရေအရင်းအမြစ်ဌာနက တိုင်းတာတွက်ချက်ကာ အစိုးရအဖွဲ့လမ်းညွှန်မှုနှင့်အတူ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝအရ လိုအပ်ချက်များရှိနိုင်သည်ကို နားလည်ပေးစေလိုကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဒေသခံများအား တွေ့ဆုံပြောကြားသည်။

လက်ရှိတွင် ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းဖြောင့်ဆင်းရေးအတွက် သောင်စွယ်ဖြတ်ရန် သဲစုပ်လှေကြီးများ၊ Back Hoe Dredger ဖြင့် သောင်တူးခြင်း၊ ရေလမ်းလွှဲခြင်း လုပ်ဆောင်နေပြီး ရေလမ်းထိန်း ရေကာတာများ ဆက်လက်လုပ်ဆောင်သွားရန် ရန်ပုံငွေတင်ပြတောင်းခံထား ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❐❐❐

# လေ့လာဖတ်ရှုသင့်သော စာအုပ်တစ်အုပ်

ဦးဟန်ညွန့်(ဥပဒေ)

**အစားကောင်းစားရလျှင်**

အစားကောင်းစားရလျှင် အချစ်ဆုံးကို သတိရသည်. . . တဲ့။ ယခုတော့ အစားကောင်းထက် စာအုပ်ကောင်းတစ်အုပ်ဖြစ်နေပါသည်။ အကြိုက်ချင်း တူချင်မှ တူမည်ဖြစ်သော်လည်း ယခုလို အသွင်ကူးပြောင်းရေးကာလမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဖြစ်နေတာတော့ သေချာမည်။ Facebook ခေတ်တွင် စာအုပ်တွေမလိုတော့ဘူးလား။ ရိုးရိုးကြီးဟု အခေါ်ခံရပါစေ။ စာအုပ်စာပေလူ့မိတ်ဆွေဟု ပြောချင်သေးသည်။ ထူထူပါးပါးအရေးမကြီး။ စာအုပ်ပါးပါးကလေးကလည်း သုတအနှစ်သာရ ရတတ်ပါသည်။

**ဆောင်းပါး(၇)ပုဒ်**

မဟာသရေစည်သူ ဦးချမ်းသာ (I.C.S) ရေးသော ပါလီမန်ဒီမိုကရေစီနှင့် ဥပဒေစိုးမိုးရေး၊ ဦးကျော်ထွန်းရေးသားသော ပါလီမန်နှင့် ကြိုးနီစနစ်၊ ဦးမြတ်စံရေးသားသော ဗျူရိုကရေစီ၊ ဝဏ္ဏကျော်ထင်ဦးထွေးရေးသားသော ခေါင်းဆောင်မှု၊ ဦးဝင်းမောင်ရေးသားသော လူနှင့်စနစ်တို့၏ ပဋိပက္ခ၊ ဦးထွန်းသောင်ရေးသားသော ပြည်သူ့အုပ်ချုပ်ရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ ဝဏ္ဏကျော်ထင်ဦးထွေးရေးသားသော မြန်မာနိုင်ငံပြည်သူ့အုပ်ချုပ်ရေး စသည့် ဆောင်းပါး (၇)ပုဒ် ပါဝင်သည်။ **ဆောင်းပါး ဆိုသော်လည်း စာတမ်း** ဟုလည်း ပြောနိုင်ပါ၏။

**ဥပဒေပဓာနသဘော**

မဟာသရေစည်သူဦးချမ်းသာ (I.C.S)၏ ဆောင်းပါးထဲက "ဥပဒေပဓာနသဘော"ခေါင်းစဉ်က ယနေ့တိုင် မရိုးနိုင်။ သူ့ခေတ်သူ့အခါ၊ သူ့အမြင်ကို မြည်းစမ်းကြည့်စေချင်သည်။ ဥပဒေ၏ တန်ခိုးကြီးမှု၊ စိုးမိုးမှု (Supremacy of Law)ဆိုသည်မှာ ဥပဒေပဓာနသဘောပင် ဖြစ်၏။ တစ်ဖန် ဥပဒေအာဏာစက်တည်မှု (Rule of Law)ဆိုသည်မှာလည်း ဥပဒေသာလျှင် ပဓာနဆိုသော သဘောပင်ဖြစ်၏။ သို့ရာတွင် အနည်းငယ်ခြားနားသော သဘောရှိ၏။

ဥပဒေ၏ တန်ခိုးကြီးမှုဆိုရာ၌ ဥပဒေသာပဓာန၊ ဥပဒေကသာ လွှမ်းမိုးရမည်၊ ဥပဒေမဟုတ်သော (ဝါ) ဥပဒေ၏အပြင်အပမှ သဘောတရားများသည် မည်သည့်ကိစ္စအကြောင်းအရာကိုမျှ မလွှမ်းမိုးနိုင်ဆိုသော သဘောပင်ဖြစ်၏။ ဥပဒေအာဏာစက်တည်တံ့မှု၊ စိုးမိုးမှုဆိုသည်မှာ ဥပဒေအာဏာစက် (ဝါ) အချုပ်အခြာအာဏာစက်ကို အုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေး ယန္တရားတို့က အဆင့်ဆင့် အထက်မှအောက်၊ အောက်မှအထက်သို့ ချားရဟတ်ကဲ့သို့ လည်ပတ်ပျံ့နှံ့ရာတွင် ထိုအာဏာစက်သည် ကျောသား ရင်သားမခွဲခြားဘဲ (ဝါ) အဂတိတရား ၄ ပါး မလိုက်ဘဲ၊ မျက်နှာကြီးငယ်၊ အရွယ်မထောက်၊ ဆင်းရဲချမ်းသာမရွေး၊ အစိုးရအမှုထမ်း၊ သာမန်လူတန်းစား မခွဲခြားဘဲ ဥပဒေအရာ၌ ညီမျှခြင်း (Equality before the Law)ဖြင့် သက်ရောက်စေခြင်းသဘော၊ လူတန်းစားမခွဲခြားဘဲ လူအားလုံးအတွက် ဥပဒေတစ်ခုတည်း၊ တစ်မျိုးတည်းသာ ရှိခြင်းသဘောပင် ဖြစ်ပေသည်။ နိုင်ငံသားတိုင်းသည် (Equality before the Law) **ဥပဒေအရာတွင် အားလုံးအညီအမျှသာ ဖြစ်စေသည့် သဘောပင်** ဖြစ်၏။ သို့ဖြစ်ရာ မည်သူမဆို ဥပဒေစိုးမိုးမှု လက်အောက်ခံသာ ဖြစ်၏။ **မည်သူမျှ ဥပဒေ၏အပေါ်က မရှိစေရပေ။** (No one is above the Law)ဟူသော သဘောနှင့် မခြားပေ။

ဥပဒေသဘော၊ ဥပဒေအာဏာစက်ပျံ့နှံ့ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်၊ လွတ်လပ်မှုနှင့် နိုင်ငံအမျိုးအစား၊ ဒီမိုကရေစီနှင့် နိုင်ငံ့ဝန်ထမ်း၊ ဒီမိုကရေစီကိုယ့်ကျင့်တရား(ဝါ) စာရိတ္တများအကြောင်း မှီငြမ်းပြုသောကျမ်း (၁၁)အုပ် ကိုးကား၍ မဟာသရေစည်သူ ဦးချမ်းသာ (I.C.S) က ရေးသားပြုစုထားသည်ကို ကျေနပ်အားရ ဖြစ်မိသည်။ ဝေါဟာရအသုံးအနှုန်းကြွယ်ဝမှု၊ ရှင်းလင်းတိကျမှု၊ တွေးခေါ်မြော်မြင်မှုများက ယနေ့တိုင် လေးစားမှတ်သားဖွယ်။

**မျက်မှောက်ခေတ် Rule of Law**

မျက်မှောက်ခေတ်တွင် Rule of Law မှာ အလွန်အရေးကြီးသည်။ Rule of Law တွင် -

(၁) တရားသူကြီးအနေဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း၊
(၂) တရားခံထံမှ Confession ယူရာတွင် ညှဉ်းပန်းနှိပ်စက်၍ ရယူခြင်းသည် တရားမဝင်ခြင်း၊
(၃) ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မိမိလိုရာကိုဆွဲ၍ ဖွင့်ဆိုခြင်းမပြုလုပ်ဘဲ ဥပဒေဘောင်(Frame Work)အတွင်းမှသာ အကြံပြုခြင်း၊
(၄) Admin Law သည် Rule of Law နှင့် မကိုက်ညီသောကြောင့် Habeas Corpus နှင့် ထိန်းထားရခြင်းတို့ကြောင့် စာချွန်တော်တွင်လည်း တန်ဖိုးရှိခြင်း၊
(၅) တရားသူကြီးများ စီရင်ချက်ချရာတွင် မတရားမလုပ်ဘဲ လွတ်လပ်စွာ စီရင်ဆုံးဖြတ်ခြင်း၊
(၆) တရားမျှတသော စီရင်ရေးဖြစ်ခြင်း၊
(၇) မည်သူမျှ တရားဥပဒေဘောင်၏ အထက်တွင် မရှိရခြင်း စသည့် အချက် (၇)ချက်ရှိသည်။ ထို (၇)ချက်ကို လန်ဒန်ရှိ Rule of Law Institute ဦးဆောင်သူက မြန်မာနိုင်ငံ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဝေငှခဲ့ကြောင်း သိရသည်။ **(ဥပဒေပညာဂျာနယ် အတွဲ-၁၀၊ အမှတ်-၂၊ ၂၀၁၃၊ ဒီဇင်ဘာလထုတ်)။** မျက်မှောက်ခေတ်ဥပဒေနှင့် ဆရာကြီးဦးချမ်းသာတို့ခေတ် ဥပဒေနှိုင်းယှဉ်လေ့လာနိုင်သေးသည်။ တွေးခေါ်စဉ်းစား၍ ပြည်သူ့အကျိုးပြုနိုင်သေးသည်။

**ပါလီမန်နှင့် ကြိုးနီစနစ်**

ကြိုးနီစနစ်ဆိုသော စကားရပ်ကို လူတိုင်းကြားဖူးကြောင်း၊ ထိုစနစ်ကို များသောအားဖြင့် ပြစ်တင်ဝေဖန်ပြောဆိုတတ်ကြောင်း၊ မကောင်းသောအချက်များရှိကြောင်း၊ အချက်(၅)ချက် ထောက်ပြထားသည်။ ထောက်ပြသူမှာ **ဦးကျော်ထွန်း**ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးပညာ၊ အတွဲ(၂)၊ အမှတ်(၂) (ဧပြီ ၁၉၆၀)စာ-၃၅၊ ၄၁ မှ ကောက်နုတ်ဖော်ပြချက်ဖြစ်ပါသည်။

**ဗျူရိုကရေစီ**

"ဦးမြတ်စံ"ရေးသားသော "ဗျူရိုကရေစီ"စာတမ်းဖတ်ပြီး ဘယ်တော့မှ မရိုးနိုင်သော ရုံးလုပ်ငန်းတွေကြန့်ကြာမှု၊ ပြည်သူများ အယုံကြည်မဲ့မှုများ အကြောင်း သတိရမိသေးသည်။ စာရေးသူကိုယ်တိုင် ရုံးအကြီးအကဲမဖြစ်မီတွင် "အဖေ"က သတိပေးသောစကားမှာ **"မင်း ဗျူရိုကရက် မဖြစ်စေနဲ့။ ရှေ့နေပီပီ ဥပဒေပညာနဲ့ လူထုကိုမလှည့်စားနဲ့။ စေတနာထားပြီး လူထုကို အလုပ်အကျွေးပြု"** ဟု အထပ်ထပ် မှာကြားချက်ဖြစ်သည်။ တကယ့်အစစ်အမှန်ဘဝကို ပြည်သူ ကသာ ပိုင်းဖြတ်လိမ့်မည်။ ယခုစာတမ်းမှာတော့ "အစိုးရဌာနများမှာ ကြန့်ကြာမှုရှိကြောင်း၊ ဘယ်လျှောက်လွှာဘယ်မှာတင်၊ ဘယ်ပုံစံနှင့်မညီ၊ ကွက်လပ်ဘယ်လိုဖြည့်၊ နောက်တစ်ခေါက်ပြန်လာဦး၊ ရုံးလုပ်ကွက် လုပ်ဆင့်ဝက်ပါတွင် ယောင်ချာချာဖြစ်ပုံတွေ" ရေးထားလေသည်။ "ရုံးလုပ်ကွက် လုပ်ဆင့်ဝက်ပါ"တဲ့။ မှတ်သားစရာ။

**ဝဏ္ဏကျော်ထင် ဦးထွေး**

**ဝဏ္ဏကျော်ထင်ဦးထွေး** ရေးသော **"ခေါင်းဆောင်မှု"** ဆောင်းပါးနှင့် **"မြန်မာနိုင်ငံပြည်သူ့အုပ်ချုပ်ရေး"** ဆောင်းပါးနှစ်ပုဒ်မှာ ခေါင်းဆောင်မှု (Leadership)၏ အဓိပ္ပာယ်၊ ကိုယ့်ဒူးကိုယ်ချွန်ခေါင်းဆောင်၊ အာဏာပိုင်က ခန့်သောခေါင်းဆောင်၊ အဖွဲ့ကတင်မြှောက်သောခေါင်းဆောင် စသည့် ခေါင်းဆောင်နှင့် ငယ်သားဆက်သွယ်ရေး၊ ခေါင်းဆောင်၏ နည်းပရိယာယ်များ ဖော်ပြပါဝင်သည်။ **"မြန်မာနိုင်ငံ ပြည်သူ့အုပ်ချုပ်ရေး"ဆောင်းပါး**တွင် မြန်မာဘုရင်များခေတ်၊ ဗြိတိသျှအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေး၊ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ အစိုးရယန္တရားစသည်များ ပါဝင်ရေးသားထားသည်။ ယန္တရားတည်ရှိပုံအဆင့်ဆင့်ကို ဖော်ပြသုံးသပ်ထားသည်။

**အစိုးရယန္တရား**

အစိုးရယန္တရား တည်ရှိပုံအဆင့်ဆင့်တွင် သမ္မတ၊ လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဟူ၍ ထိပ်ပိုင်းတွင်ရှိသည်။ ဥပဒေပြုအာဏာကို အသုံးပြုသော ပါလီမန်ဟု ခေါ်ဆိုနိုင်သည်။ ပြည်သူ့လွှတ်တော်၏ ခွဲခြားစိတ်ဖြာမှုတွင် တရားလွှတ်တော်ချုပ်၊ တရားရုံးများရှိသည်။ ဝန်ကြီးအဖွဲ့များ ဖွဲ့စည်းထားရှိသည်။ အုပ်ချုပ်ရေးအာဏာရယူသော အဖွဲ့များလည်းရှိသည်။ တူညီရာဝန်ကြီးဌာနများကို စုစည်းဖွဲ့ထားသည်။ ဝန်ကြီးဌာနဖွဲ့ပုံမှာ အောက်ဖော်ပြပါ ဇယားအတိုင်း ဖြစ်၏ -

အတွင်းဝန်

↓ ဒုအတွင်းဝန် ↓ ဒုအတွင်းဝန် ↓ ဒုအတွင်းဝန်

အလုပ်အနည်းအများလိုက်၍ တစ်ဦးမှ (၇)ဦးထိထားသည်

↓ အတွင်းဝန်ကလေး ↓ အတွင်းဝန်ကလေး ↓ အတွင်းဝန်ကလေး

ရုံးအုပ်ချုပ်

↓ ဌာနခွဲ ↓ ဌာနခွဲ ↓ ဌာနခွဲ ↓ ဌာနခွဲ

↓
ရုံးအုပ်
↓
အထက်တန်းလက်ထောက်
↓
အထက်တန်းစာရေး
↓
အငယ်တန်းစာရေး
↓
မင်းစေ

**(အဆိုပြုဖွဲ့စည်းပုံမျှသာ)** (ထုံးဟောင်းနမူနာ)

**ကိုးကားချက်များ**

ဝဏ္ဏကျော်ထင်ဦးထွေး၏ ဆောင်းပါးစာတမ်းတွင် ကိုးကားချက်များ ပါရှိ၏။ အောက်ပါတိုင်းဖြစ်ပါ၏ -

(၁) မစ္စတာဖာနီဗယ်(ရေး) Colonial Policy and Practice
(၂) ဒေါ်မြစိန်(ရေး) Administration of Burma (Myanmar)
(၃) ဆာချာလ်စ်ခရောဝတ်(ရေး) Pacification of Burma (Myanmar)
(၄) ဒေါက်တာမောင်မောင်(ရေး) Burma's Constitution
(၅) ဒီ-အင်(န်)ဘာနဂျီ(ရေး) Administrative System of East India Company in Bengal
(၆) မစ္စတာဖာနီဗယ်(ရေး) Political Economy of Burma (Myanmar)
(၇) အုပ်ချုပ်ရေးဉာဏ်သစ်လောင်း ဟောပြောဆွေးနွေးပွဲများတွင် ဦးချန်ထွန်း၏ တင်ပြဆွေးနွေးချက်များ
(၈) ပြည်ထောင်စု မြန်မာနိုင်ငံ၏ မူလအဓိက မော်ကွန်းများ
(၉) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
(၁၀) မောရစ်ကောလစ်(ရေး) Last and First in Burma (Myanmar)

ကိုးကားချက်စာအုပ်တွေဖတ်ပြီး **"ရှေးကျလိုက်တာ"**ဟု မထင်မှတ်ကြစေလို။ သူ့ခေတ်သူ့အခါက ရည်ညွှန်းအပ်သော၊ ကာလံဒေသံ အဂ္ဂံခန့်ဟူသောစကား မမှားနိုင်ဟု ယုံမှတ်ချက်ဖြင့် လူကြီးသူမများ၏ လက်ဆင့်ကမ်းအမွေ ရယူပေသည်။ ယနေ့တိုင် ဆက်လက်လျှောက်လှမ်းမည့်ခရီးအတွက် အုတ်တစ်ချပ်ဖြစ်နေသေးသည်မှာတော့ သေချာသည်။

**လူနှင့်စနစ်တို့၏ ပဋိပက္ခ**

**ဦးဝင်းမောင်က "လူနှင့်စနစ်တို့၏ ပဋိပက္ခစာတမ်း"**ဖြင့် စီမံခန့်ခွဲမှု အခြေခံသဘောတရားများနှင့် အဖွဲ့အစည်း အခြေခံသဘောတရား (Principles of organization and management)အကြောင်း ရေးသားဖော်ပြထားသည်။ အလုပ်၊ ကျွမ်းကျင်မှု၊ မြန်ဆန်မှု၊ စရိုက်၊ ဗီဇများအကြောင်း သုံးသပ်ထားသည်။ အာဏာစဉ် အဆင့်ဆင့်သဘောတရား၊ ကွပ်ကဲမှု အလှမ်းမကျယ်လွန်းစေရကြောင်းလည်း ရေးသားထားပါသည်။ ကာလတွေဘယ်လောက်ကြာကြာ။ မရိုးနိုင်သေး။

**ပြည်သူ့အုပ်ချုပ်ရေးနှင့် ပြည်သူ့ဆက်ဆံရေး**

**ဦးထွန်းသောင်**၏ **"ပြည်သူ့အုပ်ချုပ်ရေးနှင့် ပြည်သူ့ဆက်ဆံရေး"** ဆောင်းပါးမှာ ပြည်သူ့အုပ်ချုပ်ရေးပညာ အတွဲ(၃)၊ အမှတ် (၄)၊ (အောက်တိုဘာလ၊ ၁၉၆၂)စာ-၂၆ မှ ၃၈ ထိ ဖော်ပြပြီးဖြစ်ပါ၏။ ရန်ကုန်မြို့ နတ်မောက်လမ်း ပြည်သူ့အုပ်ချုပ်ရေးသင်တန်းဌာနခွဲ၌ ပြည်သူ့အုပ်ချုပ်ရေး ပညာဗိမာန်မှ အခါအားလျော်စွာ ကျင်းပခဲ့သည့် ဗဟုသုတပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲမှာ ကျန်းမာရေးဌာန၊ အတွင်းဝန် ဦးထွန်းသောင်၏ ဟောပြောချက်ကို ဆီလျော်သလို ပြန်လည်တင်ပြချက်ဖြစ်ပါ၏။ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ ဆီလျော်လျှင်သုံးပါ။

**ပြန်လည်တသ လွမ်းဆွတ်မိ**

ဆရာကြီး ဦးထွန်းသောင်၏ ဟောပြောချက်ကို ဖတ်ရှုရင်း ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်အတူ အထက်မြန်မာနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး)သို့ တာဝန်ဖြင့် သွားရောက်လျက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပိုင်၊ နယ်ပိုင်(အုပ်ချုပ်ရေးမှူးများ)အား အုပ်ချုပ်ရေးဥပဒေဘာသာရပ်များ ဟောပြောပို့ချခဲ့ရသော စာရေးသူ၏ ဥပဒေအရာရှိဘဝကို ပြန်လည်တသ လွမ်းဆွတ်မိသေးသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖြစ်သော်ငြား အုပ်ချုပ်ရေး ဥပဒေသင်ခန်းစာများ၊ မှတ်စုများ ပို့ချပေးခဲ့ရသည့် သင်တန်းသူ သင်တန်းသား ရဲဘော်များအား မမေ့နိုင်သေး။ သူတို့၊ သူတို့တတွေလည်း အုပ်ချုပ်ရေးနယ်ပယ်၊ ဘယ်ဆီဘယ်ဝယ်။ ပြည်သူ့နှလုံးသား ကပ်ငြိပါရဲ့လား။ လိုက်လျောညီထွေ ရှိပါစေဟုကား မေတ္တာရေချမ်း ပက်ဖျန်းလိုက်ပါ၏။

**အစိုးရအုပ်ချုပ်ရေးယန္တရား ပြင်ဆင်ပြောင်းလဲရေး**

အစိုးရအုပ်ချုပ်ရေးယန္တရားဖွဲ့စည်းမှု ပြင်ဆင်ပြောင်းလဲရေးဆိုင်ရာ အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများသတင်းကို သတင်းစာတွေမှာ ဖတ်ရသည်။ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်တို့ တက်ရောက်သည်။ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဒေါက်တာစန်းလွင်တို့လည်း ဆွေးနွေးကြသည်။ သင်တန်းသား DG၊ MD တွေလည်း တက်ကြသည်။ ဝန်ကြီးဌာနအသီးသီး၏ ဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်သည်။ အင်အားကျစ်လျစ်စွာ စွမ်းရည်မြှင့်မည်။ လုပ်ငန်းများ ပိုမိုအားကောင်းဖို့ အမြဲတမ်းအတွင်းဝန်ရာထူး အပါအဝင် ရုံးအဖွဲ့ဖွဲ့မည်။ ကြိုတင်ပြင်ဆင်သည်။

**အမြဲတမ်းအတွင်းဝန်၏ အခန်းကဏ္ဍ**

အမြဲတမ်းအတွင်းဝန်၏ အခန်းကဏ္ဍသည် ဘာလဲ။ ဘယ်လိုကျင့်သုံးရမည်လဲ။ တာဝန်ကား ဤသို့။ တိကျခြင်း၊ ရှင်းလင်းခြင်း၊ ရှေ့နောက်မီခြင်း၊ လုပ်ငန်းကျွမ်းကျင်ခြင်း၊ ပြည်သူ့အရေး ဦးထိပ်ပန်ဆင်ခြင်းတို့ဖြင့် သမိုင်းခရီးဆက်ကြစို့။ "ကြိုးနီစနစ်"၊ "ဗျူရိုကရက်"ဟူသော သမိုင်းအမည်းစက်ကို ပယ်ဖျက်ကာ ပြည်သူ့အုပ်ချုပ်ရေးပညာ ကြွယ်ဝစွာဖြင့် ပွင့်လင်းမြင်သာသောခေတ်သို့ ချီတက်ကြစို့။ ပြည်သူကြည်ဖြူဖို့။

**ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံ**

ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမည့် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံအား တာဝန်ရှိသူများ ဆွေးနွေးသည်။ ညှိနှိုင်းသည်။ သင်တန်းပေးသည်။ အတွေ့အကြုံဆွေးနွေးသည်။ အုပ်ချုပ်ရေးအတွေ့အကြုံများသူ အငြိမ်းစားပညာရှင်ကြီးများ၏ အကြံဉာဏ်တောင်းခံသည်။ ပြည်တွင်း ပြည်ပ သုတေသီများ၏ အကြံပြု ဆွေးနွေးချက်၊ စာတမ်း၊ ကျမ်း၊ အကိုးအကား အလေးထားသည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆောင်ပုဒ်မမေ့အပ်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်မှ အုပ်ချုပ်ရေးနယ်ပယ်စုံ၏ အရာထမ်း၊ အမှုထမ်းကြီးများ၏ အမှတ်တရပုံရိပ်များသည်ပင်လျှင် အထောက်အပံ့၊ အရေးအသား၊ အကိုးအကား၊ အရည်အညွှန်း၊ ဆက်လက်လေ့လာ၊ သုတေသနပြုစရာ ဖြစ်ပေလိမ့်မည်။ တက္ကသိုလ်ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဥပဒေသုတေသီများ၏ ထောက်ကူအကြံပြုချက်များ၊ ရေးသားဝေဖန်ချက်များ၊ ပြည်သူ့အကျိုး သယ်ပိုးထောက်ကူချက်များ၊ စာအုပ်များ၊ ကျမ်းများ၊ စာတမ်းများ(ထူထူပါးပါး) အလေးထားဖွယ်ဖြစ်ပေသည်။ ပြည်တွင်း ပြည်ပ အတွေ့အကြုံ၊ နှီးနှောဖလှယ်ပွဲအတွေ့အကြုံ၊ အပြန်အလှန်ဝေဖန်ဆွေးနွေးမှုအတွေ့အကြုံများသည်လည်း မများသော်မှ မနည်းလှပါ။ ပြည်သူ့ဝန်ဆောင်မှု ဦးတည်ပါ။

**ဤစာအုပ်**

လက်လှမ်းမီသမျှ ကောက်နုတ်မျှဝေခြင်းသာ။ ဖတ်ရှုသင့်တာ ဤစာအုပ်ပါ။

| | | |
|---|---|---|
| စာအုပ်အမည် | - | မြန်မာသစ်နှင့် ပြည်သူ့အုပ်ချုပ်ရေးပညာ |
| စီစဉ်သူ | - | မောင်ဇေယျာ |
| ထုတ်ဝေသူ | - | ပဥ္စင်္ဂံစာအုပ်တိုက်၊ ၁၆၇(A)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်တန်ဖိုး | - | ၂၀၀၀ကျပ် |

# (၆၄)ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးအား မြန်မာနိုင်ငံတွင် လက်ခံကျင်းပနိုင်ရေး အကြိုဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၆၄)ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပနိုင်ရေးအတွက် Miss Universe Organization မှ Miss Universe Myanmar Organization ၏ National Director ဒေါ်စိုးယုဝေက တစ်ဆင့်ကမ်းလှမ်းထားမှုအပေါ် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်သူ့လွှတ်တော် ကော်မတီရုံးခန်း၌ အကြိုတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုများအရ Miss Universe ပြိုင်ပွဲကြီးအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပပါက လိုအပ်မည့် အချက်အလက်များနှင့် ပံ့ပိုးမည့်သူများရရှိနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများအရ ပြိုင်ပွဲကျင်းပရာတွင် ကုန်ကျမည့်အသုံးစရိတ်များအား ပံ့ပိုးမည့် Sponsorများ ရရှိနိုင်မည့် အခြေအနေများအား စုစည်းပြီး ပြန်လည်တင်ပြရန်၊ မိမိနိုင်ငံအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများအား လေ့လာတင်ပြရန်နှင့် အဆိုပါ တင်ပြချက်များအပေါ် စိစစ်သုံးသပ်ပြီး ပြိုင်ပွဲလက်ခံကျင်းပနိုင်ရေးအား ဆက်လက်တင်ပြသွားရန် အပြုသဘောဆောင် ဆွေးနွေးခဲ့ကြသည်။

ယခုကဲ့သို့ Miss Universe Myanmar Organization အား ခေါ်ယူဆွေးနွေးမှုများ ပြုလုပ်ရခြင်းမှာ Miss Universe Myanmar Organization ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြစာအရ ခေါ်ယူတွေ့ဆုံခြင်းဖြစ်သည်။

Miss Universe ပြိုင်ပွဲအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအဖြစ် Miss Universe ပြိုင်ပွဲ အကြိုလှုပ်ရှားမှုများနှင့် နောက်ဆုံးအဆင့်ပြိုင်ပွဲအား တိုက်ရိုက်ထုတ်လွှင့် ပြသနေချိန်တွင် မိမိနိုင်ငံအကြောင်း ရိုက်ကူးထားသည့် Video Clip ကို ခုနစ်မိနစ်မှ ရှစ်မိနစ်စာ တစ်ကမ္ဘာလုံးသို့ ပြသခွင့်ရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ မြှင့်တင်နိုင်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ် ရရှိစေနိုင်ခြင်း၊ ကမ္ဘာသို့ ထုတ်ဖော်တင်ပြလိုသော မိမိနိုင်ငံ၏ ကောင်းသတင်းပုံရိပ်များ ပြသနိုင်ခြင်း၊ မိမိနိုင်ငံအား ကမ္ဘာ့နိုင်ငံများအကြားအချိန်တိုအတွင်း စိတ်ဝင်စားမှုအရှိန်အဟုန် မြင့်မားစေနိုင်ခြင်း၊ မိမိနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သဘာဝအလှအပများကို ထုတ်ဖော်ပြနိုင်ခြင်း၊ ပြည်သူလူထုများ စိတ်အားထက်သန်စွာ အားပေးကြည့်ရှုနိုင်ခြင်း၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများကို အများပြည်သူမှ မျက်ဝါးထင်ထင်လေ့လာနိုင်ခြင်း၊ကမ္ဘာနှင့်ရင်ပေါင်တန်း ဆောင်ရွက်သည့် လုပ်ငန်းအတွေ့အကြုံများ ရရှိစေနိုင်ခြင်း၊ ခေါင်းဆောင်နိုင်မှုစွမ်းရည်နှင့် မိမိကိုယ်ကို ယုံကြည်မှုစွမ်းရည် တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း Miss Universe Myanmar Organization ၏တင်ပြစာတွင် ဖော်ပြထားကြောင်း သိရသည်။

**(မင်းလှသား)**



# သွေးအားနည်းရောဂါအကြောင်း အသိပညာတိုးပွားလာစေရန် အမျိုးသမီးစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာအမျိုးသမီးများအကြား အဖြစ်များသည့် သွေးအားနည်းရောဂါအကြောင်း အသိပညာတိုးပွားလာစေရန်နှင့် အဆိုပါ အာဟာရချို့တဲ့မှုပြဿနာကို အမြစ်ပြတ်ဖယ်ရှားနိုင်ရန် ရည်ရွယ်၍အားကစားဝန်ကြီးဌာနနှင့် Mega Lifesciences Ltd. တို့ပူးပေါင်းစီစဉ်ပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ကျင်းပသည့် အမျိုးသမီး စုပေါင်းလမ်းလျှောက်ပွဲကြီး (Walkathon)ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၅ နာရီခွဲက သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှေ့၌ ကျင်းပသည်။

ယင်း ၅ ကီလိုမီတာ စုပေါင်းလမ်းလျှောက်ပွဲကို သုဝဏ္ဏအားကစားကွင်းမှစတင်ပြီး ဝေဇယန္တာလမ်းတစ်လျှောက်ဖြတ်သန်း၍ သစ္စာလမ်းဆုံတွင် ပြန်လှည့်ခဲ့ကြကာ ၅ ကီလိုမီတာပြည့်အောင် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)အထိ ပြန်လျှောက်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် အဆိုတော် နီနီခင်ဇော်၊ သရုပ်ဆောင် မိုးယုစံနှင့် မော်ဒယ်တင်မိုးလွင်တို့က ပါဝင်ဆင်နွှဲသူများကို ကားပေါ်မှ အားပေးနှုတ်ဆက်ခဲ့ကြပြီး ပြိုင်ပွဲဝင်များ အမောပြေစေရန် လမ်းတစ်လျှောက်တွင် ဓာတ်ဆားရည်နှင့် ရေသန့်ဘူးများကို Ferrovit က ပံ့ပိုးပေးခဲ့သည်။ ပန်းဝင်လာသည့် ပါဝင်လမ်းလျှောက်သူများသည် "သွေးအားနည်း ကင်းစင်နယ်မြေ"သို့ ရောက်ရှိပြီး ဆုတံဆိပ်များ၊ အမှတ်တရလက်ဆောင်အိတ်များ ရယူပြီး သွေးအားနည်းအခမဲ့စစ်ဆေးခြင်းနှင့် နံနက်စာအပါအဝင် ဖျော်ဖြေရေးအစီအစဉ်နှင့် ကစားနည်းများကိုလည်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

နီနီခင်ဇော်က သွေးအားနည်းရောဂါနှင့် ကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး နာမည်ကျော်မော်ဒယ် တင်မိုးလွင်နှင့် မိုးယုစံတို့ကလည်း ကျန်းမာရေးနှင့် ပြည့်စုံအောင် နေထိုင်ပုံနည်းများကို အများပြည်သူသိရှိအောင် ပြောပြ၍ Mega ၏ အစီအစဉ်ကို ပံ့ပိုးပေးသွားခဲ့သည်။

"သံဓာတ်ချို့တဲ့မှုကနေ အစပြုပြီး သွေးအားနည်းရောဂါအဖြစ်ကို ရောက်တဲ့နှုန်းဟာ မြန်မာနိုင်ငံမှာ သတိပြုစရာကောင်းလောက်အောင် မြင့်မားလာတဲ့အတွက် ဒီကိစ္စဟာ အချိန်မဆိုင်းဘဲ အလေးထားပြောဆိုရမယ့် လူထုကျန်းမာရေးပြဿနာ တစ်ရပ်ဖြစ်လာနေပါတယ်။ ဒီ Walkathon စုပေါင်းလမ်းလျှောက်ပွဲကြီးဟာ သွေးအားနည်းရောဂါရဲ့ အရေးကြီးပုံကို ပိုမိုနားလည်သဘောပေါက်လာစေဖို့ လူထုကို ပညာပေးရာမှာ ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်လို့ မြင်ပါတယ်။ ဒါကြောင့် ဒီစုပေါင်းလမ်းလျှောက်ပွဲကြီးမှာ ပူးပေါင်းပါဝင်ပြီး သွေးအားနည်းရောဂါ ကင်းမဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ဖို့ အထောက်အကူပေးခဲ့တဲ့ မြန်မာအမျိုးသမီးများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောချင်ပါတယ်"ဟု Mega Lifesciences မှ Marketing Manager Sudeep Chatterjee က ပြောကြားသည်။

မြန်မာနိုင်ငံ၏ပထမဦးဆုံး Ferrovit Walkathon စုပေါင်းလမ်းလျှောက်ပွဲကြီးကို ၂၀၁၄ ခုနှစ် မတ် ၁၆ ရက်က အောင်မြင်စွာ ကျင်းပခဲ့ပြီး အမျိုးသမီးပေါင်း ၄၀၀၀ ကျော်အထိ ပါဝင်ဆင်နွှဲခဲ့သည်။

ယခု ဒုတိယအကြိမ် Ferrovit Walkathon တွင် ပထမအကြိမ်ထက် ပိုမိုများပြားစွာ လူပေါင်း ၇၀၀၀ ကျော်အထိ တက်တက်ကြွကြွ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ ငွေအောင်(ကြေးမုံ)**




# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပိုမိုကင်းရှင်းစေရေး လမ်းအသုံးပြုသူများ၏ အမူအကျင့်ပြောင်းလဲစေရေး ကာတွန်းဖြင့် ပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် HEINEKEN တို့မှ ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပိုမိုကင်းရှင်းစေရေး၊ လမ်းအသုံးပြုသူများ၏ အမူအကျင့်ပြောင်းလဲစေရေး ကာတွန်းဖြင့် ပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Lake Garden Hotel ၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် အသိပညာပေးရေးတွင် အဓိကကျသည့် ဝန်ကြီးဌာနများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလှုပ်ရှားမှု ပထမအဆင့် အဖွင့်ပွဲအစဖြစ်သည်။ အဆိုပါလှုပ်ရှားမှုတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးကာတွန်းပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ အသက်(၁၈)နှစ်အထက် မည်သူမဆို ပါဝင်နိုင်မည်ဖြစ်သည်။ ကာတွန်းပြိုင်ပွဲအသေးစိတ်ကို Facebook စသည့် လူမှုကွန်ရက်များမှတစ်ဆင့်လည်း အများသိရှိစေရန် မကြာမီကြေညာသွားမည်ဖြစ်သည်ဟု သိရှိရသည်။ ရွေးချယ်ခံရသည့် ကာတွန်းများဖြင့် အသိပညာပေးလှုပ်ရှားမှု ဖွင့်ပွဲကို ၂၀၁၅ ခုနှစ် မေလအစောပိုင်းတွင် ကျရောက်မည့် UN Global Road Safety Week အတွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖော်ပြချက်များအရ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ယာဉ်အန္တရာယ်ဖြစ်ပွားမှုများတွင် သေဆုံးသူ ၃၇၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်များ၊ ဒီဂရီ၊ ကောလိပ် လှေလှော်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်များ၊ ဒီဂရီ၊ ကောလိပ်များ၏ လှေလှော်ပြိုင်ပွဲများကို ရန်ကုန်တက္ကသိုလ်လှေလှော်အသင်းရှိရာ ရန်ကုန်မြို့ အင်းလျားကန်၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ စတင်ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲသို့ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကောလိပ်များမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၄၀ ကျော်က ရိုးရာလှေပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယမန်နှစ်ပြိုင်ပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ်က တံခွန်စိုက် ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

**(ကိုချစ်)**

## အားကစား

**❍ အမျိုးသားမှ**

ဖူဆယ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားအုပ်စုပွဲစဉ်များတွင် ရှမ်းက ရန်ကုန်ကို (၅-၃)ဂိုးဖြင့်လည်းကောင်း၊ ကချင်က မွန်ကို (၁၇-၃)ဂိုးဖြင့် လည်းကောင်း၊ စစ်ကိုင်းက ကယားကို (၁၃-၁)ဖြင့်လည်းကောင်း၊ ပဲခူးက ဧရာဝတီကို (၁၀-၁)ဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပွဲတွင် ဧရာဝတီက မွန်ကို (၁၀-၀)ဖြင့်လည်းကောင်း အနိုင်ရကြပြီး ပဲခူးနှင့် မန္တလေးတို့က ၂ ဂိုးစီ သရေကျခဲ့သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၄၈ ကီလိုတန်းတွင် ဇော်မျိုးထွန်း(မွန်)က မင်းမောင်မောင်(ဧရာဝတီ)ကိုလည်းကောင်း၊ ၅၁ ကီလိုတန်းတွင် ရဲသွေးနီ(ကရင်)က သိန်းစိုး(ရန်ကုန်)ကိုလည်းကောင်း၊ ၅၄ကီလိုတန်းတွင် ရွှေချစ်သွေး(ကရင်)က အောင်မြင့်(မွန်)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းတွင် စောမင်းဇော်(စစ်ကိုင်း)က ခွန်ဉာဏ်လင်းအောင်(ကရင်)ကိုလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် စူပါ(ကရင်)က စိုးမင်းဦး(မွန်)ကိုလည်းကောင်း၊ ၆၃ ဒသမ ၅ကီလိုတန်းတွင် စောဝီလျံ(ကရင်)က ထွန်းနိုင်ဦး (ပဲခူး)ကိုလည်းကောင်း၊ ၆၇ ကီလိုတန်းတွင် စေဆာဝါး(ကရင်)က အားမာန်(ရန်ကုန်)ကိုလည်းကောင်း၊ အမျိုးသား ၇၁ကီလိုတန်းတွင် ရဲရင့်အောင်(တနင်္သာရီ)က သွေးသစ်အောင်(ကရင်)ကိုလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုတန်းတွင် စောလေ့အဲ(ကရင်)က ဂျူးလစ်ကျော်(ကယား)ကိုလည်းကောင်း၊ ၅၁ ကီလိုတန်းတွင် ရွှေစင်ဝင့်ဝါ(တနင်္သာရီ)က ကြူကြူအေး(ကယား)ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ဟေမာန်စိုး(ကရင်)က နော်စတယ်လာ(မကွေး)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းတွင် နော်ချဲဖော(ကရင်)က ယမုံဦး(မန္တလေး)ကိုလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် စုမြတ်မြတ်(ကရင်)က သင်းသင်းလှိုင်(မန္တလေး)ကို လည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲကြသည်။

အမျိုးသားဘောလုံးရှုံးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၃)၌ကျင်းပရာ ချင်းက မကွေးကို (၁-၀)ဂိုးဖြင့်လည်းကောင်း၊ ကရင်က နေပြည်တော်ကို (၄-၂)ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ အကြိုဗိုလ်လုပွဲတက်ရောက်သွားပြီး အမျိုးသမီးရှုံးထွက်ပွဲစဉ်များကို လေ့ကျင့်ရေးကွင်း(၁)၌ကျင်းပရာ ဧရာဝတီက မန္တလေးကို (၄-၀)ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်က ပဲခူးကို (၁၀-၀)ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ အကြိုဗိုလ်လုပွဲတက်ရောက်သွားကြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပရာ အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကြပြီး အမျိုးသား(အနုတ်၅၄)ကီလိုပင်းဝိတ်တန်းတွင် အေးချမ်းဝေ(မန္တလေး)က ဖရန်စစ်ဦး(ကယား)ကိုလည်းကောင်း၊ (အနုတ် ၆၈) ကီလိုဖယ်သာဝိတ်တန်းတွင် မျိုးမင်းသူ(ပဲခူး)က သီဟခိုင်စိုး(ကယား)ကိုလည်းကောင်း၊ (အနုတ် ၅၈) ကီလိုဖလိုင်းဝိတ်တန်းတွင် ရဲလင်းကျော်(မန္တလေး)က သိန်းမိုးအောင်(ကယား)ကို လည်းကောင်း၊ အမျိုးသမီး(အနုတ် ၅၃)ကီလိုဘင်တန် ဝိတ်တန်းတွင် ဝေမာစိုး(ကချင်)က သဲဝေပိုင်(စစ်ကိုင်း)ကိုလည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲကြသည်။







### ၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် (၁၃-၂-၁၅)ရက်နေ့မှ (၂၂-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

| ပြည်နယ်/တိုင်းဒေသကြီး | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ၆၉ | ၄၂ | ၃၀ | ၁၄၁ |
| မန္တလေးတိုင်းဒေသကြီး | ၂၉ | ၃၀ | ၄၄ | ၁၀၃ |
| ပဲခူးတိုင်းဒေသကြီး | ၁၅ | ၁၅ | ၂၂ | ၅၂ |
| ကရင်ပြည်နယ် | ၁၀ | ၆ | ၆ | ၂၂ |
| ရခိုင်ပြည်နယ် | ၉ | ၁၂ | ၂၀ | ၄၁ |
| နေပြည်တော်ကောင်စီနယ်မြေ | ၇ | ၆ | ၁၀ | ၂၃ |
| မကွေးတိုင်းဒေသကြီး | ၇ | ၆ | ၇ | ၂၀ |
| မွန်ပြည်နယ် | ၆ | ၁၄ | ၁၅ | ၃၅ |
| ကချင်ပြည်နယ် | ၆ | ၆ | ၉ | ၂၁ |
| ဧရာဝတီတိုင်းဒေသကြီး | ၅ | ၁၀ | ၂၂ | ၃၇ |
| ကယားပြည်နယ် | ၅ | ၈ | ၈ | ၂၁ |
| တနင်္သာရီတိုင်းဒေသကြီး | ၄ | ၈ | ၁၇ | ၂၉ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၄ | ၆ | ၉ | ၁၉ |
| ရှမ်းပြည်နယ် | ၂ | ၁၈ | ၁၉ | ၃၉ |
| ချင်းပြည်နယ် | ၂ | ၁ | - | ၃ |

**** စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားအား ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ကျင်းပမည် ဖြစ်ပါသည်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

### ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ၂၃-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် အားကစားပြိုင်ပွဲအစီအစဉ်

| စဉ် | အားကစားနည်း | ပြိုင်ပွဲအရေအတွက် | အချိန် | ကျင်းပမည့်နေရာ | ဆုချီးမြှင့်မည့်အချိန် |
|---|---|---|---|---|---|
| ၁ | ပြေးခုန်ပစ် | ကျား(၇)ပွဲ မ(၁၀) ပွဲ | (၀၆း၁၅) နာရီ စတင်ပါမည် | ဝဏ္ဏသိဒ္ဓိကွင်း | |
| ၂ | ဘောလုံး(ကျား) | ကွာတား (၂)ပွဲ | (၀၇း၃၀)နာရီ (၁၅း၃၀)နာရီ | လေ့ကျင့်ရေးကွင်း (၃) | |
| ၃ | ဘောလုံး(မ) | ကွာတား (၂)ပွဲ | (၀၇း၃၀)နာရီ (၁၅း၃၀)နာရီ | လေ့ကျင့်ရေးကွင်း (၁) | |
| ၄ | ဘတ်စကက်ဘော | ကျား(၃)ပွဲ မ(၁၀)ပွဲ | (၀၈း၀၀) နာရီ စတင်ပါမည် | Social Zone | |
| ၅ | ပိုက်ကျော်ခြင်း | (၃)ယောက်တွဲ အဖွဲ့လိုက် ကျား (၁၂)ပွဲ မ(၆)ပွဲ | (၀၈း၀၀)နာရီ မှ (၁၇း၀၀)နာရီအထိ | ဝဏ္ဏသိဒ္ဓိ(B) ရုံ | |
| ၆ | စားပွဲတင်တင်းနစ် | အသင်းလိုက် ကျား(၂၁)ပွဲ မ(၂၂)ပွဲ တစ်ဦးချင်း ကျား(၅)ပွဲ မ(၅)ပွဲ | (၀၈း၀၀)နာရီ စတင်ပါမည် | Cluster(3) | |
| ၇ | ဘော်လီဘော | ကျား(၃)ပွဲ မ(၃)ပွဲ | (၀၈း၀၀)နာရီ စတင်ပါမည် | TC-1 လေ့ကျင့်ရေးရုံ | |
| ၈ | ဖူဆယ်(ကျား) | ကွာတား (၄)ပွဲ | (၀၉း၀၀)နာရီ စတင်ပါမည် | ဖူဆယ်ပြိုင်ပွဲရုံ | |
| ၉ | ဖူဆယ်(မ) | (၂)ပွဲ | (၀၉း၀၀)နာရီ စတင်ပါမည် | ဖူဆယ် လေ့ကျင့်ရေးရုံ | |
| ၁၀ | ကာယကြံ့ခိုင်မှု | ကျား(၅)ပွဲ မ(၂)ပွဲ | (၁၀း၀၀)နာရီ စတင်ပါမည် | ပေါင်းလောင်း အားကစားခန်းမ | ခန့်မှန်း (၁၃း၀၀)နာရီ ဆုပေးပါမည် |
| ၁၁ | Triathlon | (မ)ပြိုင်ပွဲ (ကျား)ပြိုင်ပွဲ | (၀၇း၃၀)နာရီ တာလွှတ် (၀၉း၀၀)နာရီ တာလွှတ် | ဝဏ္ဏသိဒ္ဓိရေကူးကန် ဝဏ္ဏသိဒ္ဓိကွင်း | (၁၁း၀၀)နာရီ ဆုပေးပါမည် |
| ၁၂ | လက်ဝှေ့ | (ကျား)ပြိုင်ပွဲ (မ)ပြိုင်ပွဲ | (၁၄း၀၀)နာရီ စတင်ပါမည် | လက်ဝှေ့ပြိုင်ပွဲရုံ | |

## စမ်းချောင်းမြို့နယ်အတွင်း ငွေကျပ် ၁၀၇ သိန်းကျော် ဖောက်ထွင်းခိုးယူခဲ့သည့် ပြစ်မှုကျူးလွန်သူအား လေးရက်အတွင်း ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၁၂ ရက်က စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက်ရှိ တိုက်ခန်းခြောက်လွှာနေအိမ်တွင် အိမ်ရှင်များမရှိခိုက် ခတ်ထားသော သော့များကိုဖျက်၍ ဝင်ရောက်ခဲ့ပြီး အိပ်ခန်းအတွင်းမှ သံသေတ္တာအတွင်းထားရှိသော စိန်၊ ရွှေရတနာပစ္စည်းမျိုးစုံနှင့် ဆင်းကတ်ပါ HUAWEI အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ဘဏ်စာအုပ်တစ်အုပ်၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၇ သိန်းကျော် ခိုးယူခံရမှုနှင့်ပတ်သက်၍ စမ်းချောင်း မြို့မရဲစခန်းက(ပ)၄၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၀/၄၅၄ ဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ စမ်းချောင်းမြို့နယ်အတွင်း ဖောက်ထွင်းခိုးယူမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ပြီး ပြန်လည်လွတ်မြောက်လာကာ ခိုးမှုများထပ်မံကျူးလွန်ထားကြောင်းအတည်ပြုစုံစမ်းရရှိသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ လင်းလင်းအောင်(ခ)လင်းသစ်(၂၃)နှစ်အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်ရှိ အချိုရည်စက်ရုံအနီးတွင် CZI အမျိုးအစား ဆိုင်ကယ်တစ်စီး၊ အမှုမှုပါဆုံးသွားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ မောင်နှံခုနစ်ဖော် လက်စွပ်တစ်စုံတို့နှင့်အတူ အခင်းဖြစ်ပွားပြီး လေးရက်အတွင်း ဖမ်းဆီးရမိခဲ့သည်။

အမှုနှင့်ပတ်သက်၍ စစ်ဆေးရာ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က အခင်းဖြစ်ပွားရာ နေအိမ်၏တံခါးသော့များကို ဖျက်ဆီးဝင်ရောက်ခဲ့ပြီး ပစ္စည်းများကိုခိုးယူခဲ့ကြောင်း၊ ခိုးယူရရှိသောပစ္စည်းများကို ၎င်းနေထိုင်ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေအိမ်နှင့် ၎င်း၏မိဘများနေထိုင်ရာ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နေအိမ်တို့တွင် သိမ်းဆည်းထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ၎င်းထံမှ အမှုမှုပါဆုံးသွားသော စိန်၊ ရွှေလက်ဝတ်ရတနာပစ္စည်း ၁၂ မျိုးနှင့် လက်ကိုင်ဖုန်း တစ်လုံး စုစုပေါင်းတန်ဖိုး ၁၀၇ သိန်းကျော်ကို မူလပုံစံမပျက် ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

၎င်းအား အခြားခိုးမှုများကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်အတွင်း နေအိမ်တိုက်ခန်းတံခါးကို သော့ဖျက်ဝင်ရောက်ခဲ့ပြီး ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒီဇင်ဘာလအတွင်းက တာမွေမြို့နယ် မလွကုန်းဌေးကြွယ်ရပ်ကွက်ရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး HUAWEI အမျိုးအစားတက်ဘလက်တစ်လုံးနှင့် စမ်းချောင်းမြို့နယ် ဂွစျေးအနီးရှိ နေအိမ်တိုက်ခန်းကို သော့ဖျက်၍ ဝင်ရောက်ခဲ့ပြီး ဒစ်ဂျစ်တယ်ဓာတ်ပုံကင်မရာတစ်လုံး၊ ဗီဒီယိုကင်မရာတစ်လုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ ဝင်ရောက်ခဲ့ပြီး acer လက်တော့ပ်တစ်လုံး၊ ဒစ်ဂျစ်တယ်ဓာတ်ပုံကင်မရာတစ်လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းမျိုးစုံပါ ဘူးတစ်ဘူးတို့ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး i pad တစ်လုံးကိုလည်းကောင်း ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

၎င်းပြင် ဇန်နဝါရီလအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ ဝင်ရောက်ခဲ့ပြီး လျှပ်စစ်မီးပူတစ်လုံးကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး acer လက်တော့ပ်တစ်လုံး၊ HTC လက်ကိုင်ဖုန်းတစ်လုံးနှင့် (၂)ရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး DELL အမျိုးအစား လက်တော့ပ်တစ်လုံးတို့ကိုလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး GALAXY TAB တစ်လုံး၊ HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့သည့်အပြင် ဖေဖော်ဝါရီ ၁၄ ရက်က လမ်းမတော်မြို့နယ် (၂)ရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းအတွင်းသို့ သော့ဖျက်၍ဝင်ရောက်ခဲ့ပြီး apple i pad တစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ အမှုများမှ သက်သေခံပစ္စည်းများနှင့် ခိုးယူရရှိသည့် ငွေဖြင့်ဝယ်ယူထားသော ပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ လင်းလင်းအောင်(ခ)လင်းသစ်အား သက်ဆိုင်ရာရဲစခန်းများတွင် အမှုများအသီးသီးရေးဖွင့်ကာ ထပ်မံအရေးယူဆောင်ရွက်လျက်ရှိပြီး ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**


စိန်ကျော်အား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက်က မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ဂျာမိုင်ကောင်းနယ်မြေ(၁၁)နေ ထိန်နန်တူးခေါင်၏နေအိမ်ကို ရှာဖွေရာ ၎င်းအိပ်သည့်အိပ်ရာဝဲဘက်ဘေးရှိ ကော်ဘူးအတွင်းမှ စက္ကူဖြင့် ထုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ သကြားလုံးအိတ်ခွံဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ ကော်ဖီမစ်အိတ်ခွံဖြင့်ထည့်ထားသော ၄၉ ပြား၊ အိပ်ရာဘေးရှိ သံသေတ္တာအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော ၅၉၆ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၄၅ ပြား သိမ်းဆည်းရမိသဖြင့် ထိန်နန်တူးခေါင်(၄၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်က ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ရင်းမှီး(တောင်ရွာ) နတ်စင် ညောင်ပင်အနီးတွင် စင်းတောင်းကျေးရွာဘက်မှ ပင်လောင်းမြို့ဘက်သို့ မော်တော်ဆိုင်ကယ်စီးလာသူ စိန်ကျော်(၃၈)နှစ်အား ရှာဖွေရာ ၎င်းလွယ်ထားသည့် အိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းစိမ်း တစ်ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

## ဆလွန်းယာဉ်နှင့် ထော်လာဂျီတိုက်မိ

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူး-ရန်ကုန်ကားလမ်းမ ဘားလားချောင်းအလယ်ကျွန်း အမှတ်(၂၅) အနီး ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၃ နာရီခန့်က ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ မောင်းနှင်လာသော RGN(---) ယာယီအိမ်စီးဆလွန်း(ရန်ကုန်မှ ဝယ်လာခါစ)ယာဉ်နှင့် အလားတူမောင်းလာသော ထော်လာဂျီ(ယာဉ်အမှတ်စိစစ်ဆဲ)တို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားသည်။ ယာဉ်တိုက်မှုတွင် ထော်လာဂျီ၏အင်ဂျင်မှာ အလုံးလိုက်ကတ္တရာလမ်းပေါ်ပြုတ်ကျလွင့်စင်ကာ ရှေ့ဘီး နှစ်ဘီးမှာလည်း ကားလေးရှေ့ဘီးအောက်တွင် ညပ်ဝင်နေသည်ကိုလည်း ထူးထူးခြားခြားတွေ့ခဲ့ရသည်။

**(၅၈၇)**



## တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအတွင်းမှ ကညင်ခွဲသား ၁၁ ချောင်း (သုည ဒသမ ၈၂၄၄ တန်)၊ စံကားဝါနှင့် ကညင်ခွဲသားခြောက်ချောင်း (၁ ဒသမ ၃၁၅၄ တန်)နှင့် ပျဉ်းကတိုးနှင့်စံကားဝါခွဲသားငါးချောင်း (သုည ဒသမ ၉၄၈၆ တန်)၊ သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ် ၁၇ လုံး(၁ ဒသမ ၆၂၄၀ တန်)၊ ရေတာရှည်မြို့နယ် စိမ့်ရွာမြောက်ဘက် တစ်မိုင်ခန့်အကွာ၌ တရားမဝင် ကျွန်းဓားရွေနှစ်ချောင်း (သုည ဒသမ ၂၁၀ တန်)နှင့် ကျွန်းသစ်လုံး လေးလုံး (သုည ဒသမ ၇၈၄ တန်)၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် လက်ပံတန်းမြို့နယ် မြောက်ဇာမရီကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းခွဲသာ ၄၁ ချောင်း (၁ ဒသမ ၅၂၄၄ တန်) နှင့် ချိန်းဆော နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရန်ကုန်-သန်လျင်တံတားပေါ်၌ မော်တော်ယာဉ်များပိတ်ဆို့မှု မကြာခဏဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်-သန်လျင်တံတားပေါ်တွင် မော်တော်ယာဉ်များ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၅ နာရီက ရန်ကုန်-သန်လျင် တံတားပေါ်တွင် ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ကုန်တင်မော်တော်ယာဉ်ကြီးတစ်စီး ပျက်နေမှုကြောင့် ယာဉ်ကြောများပိတ်ဆို့နေသည်ကို တွေ့ရသည်။

အဆိုပါ ရန်ကုန်-သန်လျင် တံတားပေါ်တွင် ခရီးသည်တင် မော်တော်ယာဉ်နှင့် ကိုယ်ပိုင်မော်တော်ယာဉ်များ သွားလာမှုများပြီး တချို့သော ကုန်တင်ယာဉ်ကြီးများသည် သတ်မှတ်ထားသော တန်ချိန်များဖြင့် မောင်းနှင်နေသော်လည်း တံတားပေါ်ရောက်မှ စက်ချွတ်ယွင်းမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကုန်တင်ယာဉ်ကြီးများအား ရန်ကုန်-သန်လျင် တံတားအမှတ်(၂)မှ သွားစေလိုကြောင်း ဒေသခံခရီးသွားပြည်သူများက ပြောကြားသည်။

**သက်ခိုင်(သန်လျင်)**

▼



**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

## ငွေကျပ် ၆၁၁၂ သိန်းကျော်တန်ဖိုးရှိ ကဖင်းများ မဲခေါင်မြစ်ကြောင်းဘေး၌ သိမ်းဆည်းရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

အမှတ် (၅၇၂) ခြေမြန်တပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ မိုင်းကိုးပြည်သူ့စစ်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီခွဲက မူးယစ်ဆေးဝါးသတင်းရရှိထားသော တာလေမြို့နယ် မိုင်းလင်း(အနောက်)အုပ်စု မဲခေါင်မြစ်ကြောင်းဘေး ပါလကျေးရွာအနီးတွင် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တောင်ကုန်းဘေး တောချုံအတွင်းမှ ကဖင်းတစ်အိတ်လျှင် အလေးချိန် ၅၀ ကီလိုဂရမ်ခန့်စီပါ ၁၆၃ အိတ် စုစုပေါင်း အလေးချိန် ၈၁၅၀ ကီလိုဂရမ်ခန့် (ကာလတန်ဖိုး ကျပ်သိန်းပေါင်း



၆၁၁၂ ဒသမ ၅ သိန်းခန့်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူပေးပါရန် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်က တရားလိုပြုတိုင်တန်းခဲ့ရာ တာချီလိတ်မြို့မရဲစခန်းက မယ(ပ) ၃၅/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၆(ခ)အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

## မောက်မယ်မြို့၌စည်ပင်ဈေးရှိဆိုင်များအားစစ်ဆေး

**မောက်မယ် ဖေဖော်ဝါရီ ၂၂**

လင်းခေးခရိုင် မောက်မယ်မြို့နယ် စည်ပင်သာယာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများသို့ ဖေဖော်ဝါရီ ၂၀ရက်က စားသုံးရန်မသင့်သော အစားအသောက်များနှင့် မှတ်ပုံတင်မထားသော အစားအသောက်များအား တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းတို့က ဦးဆောင်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မရဲစခန်းမှူး ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ တို့အဖွဲ့တို့မှ စစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းသို့ ဈေးဆိုင်များသို့ စစ်ဆေးခဲ့ပြီး ယင်းဈေးဆိုင်များအား အများပြည်သူများ စားသုံးရန် မသင့်သည့် အစားအစာများနှင့် ပတ်သက်ပြီး မရောင်းချရန်နှင့် ဆိုင်ရှင်များအား ယင်းကိစ္စနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( ပြန်/ဆက်)**



## မကွေးမြို့ ကျေးရွာတစ်ချို့တွင် နွေရာသီတာလ ထန်းလျက်ကျိုခြင်းလုပ်ငန်း အားပြုလုပ်ကိုင်



**မကွေး ဖေဖော်ဝါရီ ၂၂**

ယခုနှစ်နွေရာသီတွင် မကွေးမြို့တွင်းရှိ ကျေးရွာတစ်ချို့တွင် ပုံမှန်လုပ်ကိုင်နေကြ ထန်းလျက်ကျိုခြင်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြသော်လည်းထန်းလျက်ဈေးနှုန်းများ ယခင်နှစ်များအတိုင်း ဈေးနှုန်း အတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်း မကွေးမြို့ရှိ ပုဂံမျော်ကျေးရွာ၌ ထန်းလျက်လုပ်ကိုင်သူများကပြောသည်။

မကွေးမြို့နယ် ပုဂံမျော်ကျေးရွာတွင်တစ်ရွာလုံးနီးပါးခန့် နွေရာသီရောက်ရှိပါက ထန်းလျက်ကျိုခြင်း လုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်းသိရသည်။

ထန်းလျှက်ကျိုရာတွင် ချက်ချင်း ထန်းပင်ပေါ်တက်၊ ချက်ချင်းကျိုမှ ထန်းလျက်ကောင်းရရှိကြောင်းနှင့် ထန်းရည်ကျိုရာတွင် ထည့်ရသော ပစ္စည်းများမှာ ထုံးချွတ်ဆေး၊ တည်ခေါက်များ၊ သစ်ရာခေါက်များ ထည့်သွင်း ကြိုချက်ရကြောင်း သိရသည်။

အဆိုပါ တည်ခေါက်ထည့်ခြင်းဖြင့် အချဉ်ဓာတ်ကိုထိန်းခြင်းဖြစ်ပြီး သစ်ရာခေါက်ထည့်သည်မှာ ဖန်ချိုသည့် အရသာကိုထွက်စေပါသည်ဟု ပုဂံမျော်ကျေးရွာမှ ထန်လျက်ကျိုခြင်း လုပ်ကိုင်သူ ဒေါ်အေးကြိုင်က ပြောသည်။

ထန်းရည်ခံသည့်မြူအိုးနှင့် ငါးမြူကို ထန်းလျက်ခဲ တစ်ပိဿာထွက်ရှိပြီး တစ်ရက်လျှင်အပင်သုံးဆယ် တက်ရ၍ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ထန်းလျက်ကျိုရပြီး တစ်ရက်လျှင် ထန်းလျက် ဆယ်ပိဿာရရှိကြောင်း သိရသည်။

"ထန်းလျက်တစ်နေ့ဆယ်ပိဿာ ရရှိဖို့ရန်အတွက်လူသုံးဦးအလုပ်ဝင်ရပါတယ်။ ထန်းပင်တက်ရတာရယ်၊ ထင်းမီးထိုးရတာရယ်၊ ထန်းရည်ကျိုပြီးသားဒယ်အိုးထဲကနေ ထန်းရည်ကိုပြစ်ရန်အတွက် လက်မောင်းအောင့်ရန်မွှေပေးရပါတယ်"ဟု ဒေါ်အေးကြိုင်က ဆက်လက်ပြောသည်။

ယင်းဒေသမှ ထွက်ရှိသော ထန်းလျက်များကိုတစ်ပိဿလျှင် ကျပ် ၁၀၀၀ မှကျပ် ၁၁၀၀ ဖြင့်ထန်းလျက်ပွဲရုံးများသို့ သွားရောက်တင်သွင်းရကြောင်း သိရသည်။

**ဓာဓာ(မကွေး)**

## ထီလုံကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၂**

လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ကုလားကုန်းရပ်ကွက်၌ ဖေဖော်ဝါရီ ၂၀ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ယင်းဖြစ်ပွားပုံမှာ ယင်းရပ်ကွက်ရှိ နေအိမ်အတွင်း အမျိုးသမီးတစ်ဦးမှ ထင်းမီးဖြင့် ထမင်းချက်ရာ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် ဆုံးရှုံးမှု တန်ဖိုးမှာ နေအိမ်အတွင်းရှိ ငွေကျပ် ၁၃သိန်းနှင့်အတူ နေအိမ်အနည်းငယ်လောင်ကျွမ်းကာ စုစုပေါင်း ကျပ်၁၄သိန်းကျော် ဆုံးရှုံးခဲ့သည်။

မီးလောင်ခြင်းကြောင့် မီးပေါ့ဆသူ ဗေဒါရီအား ထီလုံရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

**လသာ ဖေဖော်ဝါရီ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရေးအတွက် လသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးမောင်မောင်သန်းနှင့် ဝန်ထမ်းများသည် မိုးပွင့်အထူးစီမံချက်ဖြင့် လသာမြို့နယ် အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်ပြည်သူ့ဆေးရုံဝင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးရာ ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးပြီး၊ မိုးပွင့်အထူးစီမံချက် ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့် နိုင်ငံသားအခွင့်အရေးများကို ပြည်သူများ သိရှိစေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## အုတ်ဖိုအထက၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြော

**အုတ်ဖို ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ရာ မြို့နယ်လျှပ်စစ်မှူး ဦးအောင်ကိုကိုနှင့် ဝန်ထမ်းများက ဟောပြောကြသည်။

ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မှူးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ကျောင်းသားကျောင်းသူများအား ဟောပြောကြောင်း သိရသည်။

**(မြို့နယ်လျှပ်စစ်)**

## ပွင့်ဖြူမြို့ သန့်စင်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မြို့တွင်းလမ်းဖြစ်သော သန့်စင်လမ်းအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် တစ်ဖက်လျှင် ခြောက်ပေစီချဲ့၍ လမ်းအရှည်ပေ ၁၃၀၀ နှင့် အကျယ် ၂၄ပေရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

"Let' FLOW IN THINKING!"
သချ်ာအစီကဘွဲ့ရ
ဦးနေဝင်းမြင့် (သချ်ာ)
09-43074121,09-260406499
နွေ-သချ်ာ
အခြေခံသင်တန်းများ
၄-တန်း၊ ၇/ ၈တန်းအထူးသင်တန်း
၉/၁၀တန်း(ဘာသာစုံ)
တာသင်စာကျက်ဝိုင်းနှင့် ဗောက်ဒါ
မိုးကျူရှင်း ၃၄/၁၃၅၂၊ ဗိုလ်မင်းရောင်လမ်းမကြီး၊ ၃၅-မှတ်တိုင်အနီး၊ မ/ဒဂုံ။

ဂရိတ်ဝေါရွှေမြေကုမ္ပဏီလီမိတက် (ဆောက်လုပ်ရေးပစ္စည်းအရောင်းစင်တာ)
နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့် ဆောက်လုပ်ရေးပစ္စည်းများ
- ပါကေးဆိုဒ်အမျိုးမျိုး ၊ အရောင်အမျိုးမျိုး
- ဂရင်းနိုက်ကျောက်ပြားဆိုဒ်ကြီး၊ ဆိုဒ်သေး အရောင်အမျိုးမျိုး
- သဘော်ဆေး ၊ ရေဆေး ၊ ဆီဆေးအမျိုးမျိုး
- ပတ်တီးမှုန့်အမျိုးမျိုး
- T-တိုင်အမျိုးမျိုး (အနီ ၊ အမြင့် စိတ်ကြိုက်ဖြတ်ပေးနိုင်ပါသည်၊)
- အချောပြား (ကွန်ကရစ်ခလောင်းရန်)
- ဆိုလာပြားအမျိုးမျိုး
- လေအေးပေးစက်ဆိုဒ်စုံအမျိုးမျိုး
- အင်ဂျင်စက်အမျိုးမျိုး
- C- Channel ချောင်းအမျိုးမျိုး (ဆိုဒ်စုံ)
- ဘီလပ်မြေကွန်ကရစ်အုတ်
ကိုယ်စားလှယ်ယူလိုသူများနှင့်ရောင်းချလိုသူများ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။
အမှတ်(၁၃၂/၁၃၃)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်။
☎ : 09 250500099,09 30196154,09 33221502,09 31827606,09 425007484,09 795352854,09 250500066

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

*၁၉-၂-၂၀၁၅ ရက်မှအဆက်*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

wuádblb€Ef

"ငါ့သားကို ဗသျှူးခေါင်းပြတ်အကြောင်း ဘယ်သူပြောတာသလဲ "

ကျွန်တော် ပြန်မဖြေနိုင်။ သို့ရာတွင် ဖေဖေက နားလည်စွာပြုံး၍ မှတ်ချက်ချသည်။

"သားကို စာဥပြောတယ် မဟုတ်လား"

ကျွန်တော်သည် ဒေါ်စာဥကြီးကို သစ္စာရှိစွာဖြင့် အဖြေမပေးဘဲ ငြိမ်နေသည်။

ဖေဖေ့ပါးများ နီရဲနေသည်ကိုထောက်၍ အလွန်စိတ်ဆိုးနေကြောင်း သိသည်။ သို့ရာတွင်ကံအားလျော်စွာ အချိန်မီပင် မေမေက ဆေးသေတ္တာကိုယူ၍ ပြန်ရောက်လာသည်။ ဖေဖေသည် ဘာမျှမပြောတော့ဘဲ ဆေးသေတ္တာကိုယူ၍ တစ်ဖက်ခြံသို့ ထွက်ခွာသွားသည်။ ကျွန်တော်က မေမေ့ကို မေးမိသည်။

"မေမေ . . . ကောင်မလေး ဘာဖြစ်လို့လဲ"

"မေမေလည်း ဘယ်သိမလဲ . . . မောင်နဲ့ ဒီမှာရှိနေတာပဲဥစ္စာ"

ဤသို့ဖြင့် ကျွန်တော်တို့သားအမိ အိမ်တွင်း ပြန်ဝင်လာခဲ့ကြသည်။

ဤအကြိမ်တွင်မူ ကျွန်တော်သည် မီးဖိုခန်းထဲသို့ မသွားတော့ဘဲ ထမင်းစားပွဲတွင် ဝင်ထိုင်၍ စဉ်းစားနေမိသည်။

တရားသူကြီးသမီး ကောင်မလေးကို ပြန်တွေ့ခဲ့ပြီ ဆိုသည်။ ဒေါ်စာဥကြီးက ဥစ္စာစောင့်ခေါ်သွားသည်ဟု ဆိုသည်။ ဖေဖေကလည်း ဆေးအိတ်ကို ယူသွားသည်။ ဥစ္စာစောင့်ဆိုတာသည် ကောင်မလေးကို ဘာလုပ်လွှတ်လိုက်သနည်း။ ကျွန်တော့်အတွေးနှင့်ကျွန်တော် ချာချာလည်နေခိုက် ဖေဖေ၊ ကိုမောင်ညိုနှင့် ကိုဖိုးခင်တို့ ပြန်ရောက်လာကြသည်။

ဖေဖေ အပေါ်ထပ်သို့ အဝတ်လဲရန် တက်သွားသည်။ မေမေကလည်း ဒေါ်စာဥတို့အား ထမင်းပြင်ရန် ညွှန်ကြားခဲ့၍ တက်လိုက်သွားသည်။

မမေစန်းက ဒေါ်စာဥ ခူးခပ်ပေးသည်များကို ယူဆောင်သွား၍ ထမင်းပွဲပြင်သည်။ အမြန်အဆန် အဝတ်စားလဲခဲ့သော ကိုမောင်ညိုကလည်း မမေစန်းကိုကူသည်။

ကိုမောင်ညိုနှင့် မမေစန်းတို့ ထမင်းပွဲပြင်သည်ကို ကြီးကြပ်ရင်း ဒေါ်စာဥသည် ကျွန်တော့်အနီးသို့ ကပ်လာသည်။

"ဒေါ်လေး . . . ကောင်မလေးကို ဥစ္စာစောင့်က ဘာလုပ်လွှတ်လိုက်တယ် မသိဘူး"

"ရှူး . . တိုးတိုး၊ မောင်က ဥစ္စာစောင့်အကြောင်း သိပ်သိချင်တာပဲလား"

"သိချင်တာပေါ့ ဒေါ်လေး"

" သိချင်ရင် . . . နက်ဖြန်နေ့ခင်းကျတော့ ဒေါ်လေးအခန်းလာခဲ့။ ပြောပြမယ် "

ဤသို့ ကျွန်တော်တို့ စာချုပ်နေစဉ် အဝတ်အစားလဲပြီး၍ ဖေဖေနှင့် မေမေ ဆင်းလာသည်။

ဖေဖေက စားပွဲထိပ်မှ ထိုင်သည်။ မေမေက ဖေဖေလက်ဝဲဘက် စားပွဲအလယ်၌ ထိုင်သည်။ ဖေဖေနှင့် မျက်နှာချင်းဆိုင် အခြားစားပွဲထိပ်၌ ကျွန်တော် ထိုင်ရသည်။ ကိုကိုရှိလျှင် ကျွန်တော်ထိုင်သောနေရာ၌ ကိုကို ထိုင်သည်။ ထိုအခါ ကျွန်တော်က မေမေ့အနီးတွင်ဖြစ်စေ၊ ဒေါ်စာဥကြီးအနီးတွင်ဖြစ်စေ ထိုင်လေ့ရှိသည်။

ကျွန်တော်တို့ ထမင်းစ စားကြသည်။

ကျွန်တော်သည် ကျွန်တော် အလွန်ကြိုက်သော ဝါးပိုးမျှစ်နှင့် ပုစွန်ကြော်ကြော်ကို ထမင်းနှင့်မြိန်ရေရှက်ရေ ကုန်းလွေးနေခိုက် မေမေက ဖေဖေ့ကို မေးသည်။

"ကလေးမလေးက ဘာဖြစ်တာတဲ့လဲ ကိုကို"

ဖေဖေသည် ခဝဲသီးဟင်းချိုကို သောက်နေရာမှ မေမေ့ကို လှမ်းကြည့်သည်။ ရုတ်တရက် မဖြေဘဲစဉ်းစားသယောင် ငြိမ်နေပြီး ထမင်းတစ်လုပ်ဝါးပြီးမှ ဆို၏။

"ကိုကိုတော့ အတပ်မပြောနိုင်သေးဘူး။ ဒါပေမယ့် မြကို ကိုကို တစ်ခါပြောပြဖူးတဲ့ စိတ်ရောဂါလို့ထင်တာပဲ "

မေမေသည် ဖေဖေ့အား တစ်ချက်စိုက်ကြည့်လိုက်သည်။ ဘာမျှတော့ဆက်မမေး။ ဆက်မေးသူမှာ ကျွန်တော်သာလျှင်ဖြစ်သည်။

"စိတ်ရောဂါဆိုတာ ဘာလဲ ဖေဖေ"

ဖေဖေသည် တွေသွား၏။ ထို့နောက် ထမင်းစားကို ရပ်ကာ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ရှင်းပြ၏။

"မောင်နားထောင်၊ စာဥလည်း နားထောင်၊ စိတ်ရောဂါဆိုတာ ဖျားတာလည်းမဟုတ်ဘူး၊ နာတာလည်းမဟုတ်ဘူး၊ ဘာမှဖြစ်တာလည်း မဟုတ်ဘူး၊ ဉာဏ်မရှိတဲ့ လူကြီးတွေကြောင့် ကလေးတွေ ဒုက္ခမရောက်သင့်ဘဲ ရောက်တာကို ခေါ်တာ။ ဒီတော့ စာဥ လောကကြီးမှာ မရှိတဲ့ ဗသျှူးခေါင်းဖြတ်တို့ ဘာတို့ဆိုတာတွေ မောင့်ကို မဟုတ်ကဟုတ်က မပြောနဲ့ ကြားလား။ အဲ . . . ပြောရင်တော့ နင့်ကို လူကြီးတန်မဲ့ စိတ်ရောဂါရတယ်ဆိုပြီး စိတ်ရောဂါကုဆေးရုံ ပို့ပစ်မယ် ကြားလား"

ဖေဖေပြောသော စကားအားလုံးကို ကျွန်တော် နားမလည်ပါ။ သို့ရာတွင် ထမင်းကို ဖြောင့်ဖြောင့် မမျိုနိုင်အောင် ကြွေပျက်သွားသော ဒေါ်စာဥကြီး၌ လူကြီးတန်မဲ့ စိတ်ရောဂါစွဲကပ်နေပြီလော . . . ။

ကျွန်တော်သည် ပါးဖောင်းဖောင်းကြီးဖြင့် ချစ်စရာကောင်းသော ဒေါ်စာဥကြီးကို သနားစွာ လှမ်းကြည့်ခိုက် ဒေါ်စာဥကြီးက ထမင်းဝိုင်းမှ ထပြေးသည်။ ကျွန်တော်က အိပ့်အိပ့် လှုပ်တုပ်လှုပ်တုပ်နှင့် ရေစည်ပိုင်းလိမ့်သွားဟန်ရှိသော ဒေါ်စာဥကြီး၏ နောက်ကျောကို ငေးစိုက်နေခိုက်ဖေဖေက ရယ်သည်။

ဖေဖေ ရယ်သဖြင့် ကျွန်တော်က မစိုးရိမ်ဘဲ မေးမိသည်။

"ဒေါ်စာဥကြီးက တကယ်ပဲ စိတ်ရောဂါရနေသလား"

ကျွန်တော့်အမေးကြောင့် ဖေဖေသည် ထမင်းသီးအောင် ဆက်ရယ်သည်။

"မောင့်ဒေါ်လေးက မဟုတ်တာတွေပြောလို့ ဖေဖေက ခြောက်လိုက်တာပါ။ ဗသျှူးခေါင်းဖြတ်တို့၊ သရဲတို့ဆိုတာ လောကမှာ မရှိဘူး။ မောင့်ကို ရင်ခွဲရုံ ဖေဖေ ခေါ်ဖူးသားပဲ၊ သေနေတဲ့လူကို ဖေဖေက ဓားကြီးနဲ့ ခွဲတော့ သူက ဘာပြန်လုပ်နိုင်သလဲ"

"သေတဲ့လူက ဘာပြန်လုပ်နိုင်မလဲ"

" အဲ မောင်သိသားပဲ၊ သေတဲ့လူက ဘာပြန်လုပ်နိုင်သလဲ၊ စာဥက သေတဲ့လူကို တစ္ဆေဖြစ်တယ်၊ ဘာဖြစ်တယ်နဲ့ မဟုတ်ကဟုတ်က ခြောက်တယ်၊ အဲဒီလို မဟုတ်က ဟုတ်ကကို ကြောက်တတ်တဲ့ လူကိုစိတ်ရောဂါရှိတယ်လို့ခေါ်တယ် "

ကျွန်တော်က မေမေ့ကို လှမ်းကြည့်သည်။ မေမေကလည်း ပြုံးပြုံးရယ်ရယ်ဖြင့် ဖေဖေ ပြောသည်ကို ထောက်ခံသည့်ဟန် ခေါင်းညိတ်နေသည်။

ကျွန်တော်သည် ဒေါ်စာဥကြီးကို သနားသွား၏။ ဖေဖေ ပြောသည့်အတိုင်းဆိုလျှင် ဒေါ်စာဥသည် မဟုတ်ကဟုတ်က လျှောက်ပြောနေသော စိတ္တဇရောဂါသည် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ထမင်းစားပြီးသောအခါ ဒေါ်စာဥကြီးအခန်းသို့ သွားသည်။ ဒေါ်စာဥကြီးသည် ခေါင်းကိုက်သည်ဟုဆိုကာ အိပ်ရာထဲ၌ စောစောဝင်နေသည်။

"ဒေါ်လေး ခေါင်းကိုက်နေသလား . . . အဲဒါ ဖေဖေပြောတဲ့ စိတ်ရောဂါဖြစ်မှာပဲ၊ ဒေါ်လေးလည်း ဘာလို့ မဟုတ်ကဟုတ်ကတွေ ယုံတာလဲ"

"ဒေါ်လေးက မဟုတ်ကဟုတ်ကတွေ ပြောတာမဟုတ်ဘူး၊ မောင်ကသာ ဆရာကြီးကို ဘာမဟုတ်က ဟုတ်ကတွေ သွားတိုင်တာလဲ"

ဒေါ်စာဥကြီးသည် ကျွန်တော့်ကို သူ့အခန်းတွင်းမှ တွန်းထုတ်သည်။ သူ့အခန်းတံခါးကို မပိတ်မီ ကျွန်တော့်အတွက် ဝမ်းနည်းဖွယ်စကားကိုလည်း ဆိုသည်။

"မောင့်ကို နောက်ဘယ်တော့မှ မပြောတော့ဘူး . . . သိရဲ့လား၊ မောင်က နှုတ်မလုံဘဲ၊ အစက ဒီက ဥစ္စာစောင့်နဲ့ ကပ်ကြီးသုံးပါးအကြောင်း ပြောပြမလို့။ အခုတော့ ဘယ်တော့မှ မပြောတော့ဘူး။ သွား . . . သွား စေတနာတွေ ဝေဒနာဖြစ်တယ်"

ဒေါ်စာဥကြီးက တံခါးကို ဆောင့်ပိတ်လိုက်သောအခါ ကျွန်တော်သည် ဝမ်းနည်းပမ်းနည်းထွက်ခဲ့ရပါ၏။

### (၃) သစ်ရွက်လက်ဆောင်

ယခုအချိန်ထိ ကျွန်တော်သည် ကျွန်တော်နေခဲ့သော မြို့၏အမည်ကို မပြောရသေး။ ကျွန်တော်တို့ မြို့အမည်မှာ သန်လျင်ဖြစ်ပါသည်။

သန်လျင်မြို့တော်သည် အောက်မြန်မာပြည်၏ ပြင်ဦးလွင်ဟု ဘွဲ့ရသည့်တိုင်အောင် သန့်ရှင်းစင်ကြယ်၍ ခေတ်မီသော မြို့တစ်မြို့ဖြစ်ပါသည်။ ဘီအိုစီကုမ္ပဏီ၏ အချက်အချာဒေသ မြို့တစ်မြို့ဖြစ်၍ သန်လျင်မြို့သည် ပင်ကိုယ်သဘာဝတင့်တယ်လှပခြင်း၌ ဥရောပဆန်စွာ ပြုပြင်ထားမှုကြောင့်ခေတ်မီစွာ သပ်ရပ်စနစ်ကျသော မြို့တစ်မြို့ဖြစ်သည်။

ထိုစဉ်က သန်လျင်ဆေးရုံကြီးသည် ရန်ကုန်ဆေးရုံကြီးထက်ပင် ကိရိယာတန်ဆာ ပြည့်ဝစုံလင်သည်ဟု သတင်းပြေးသည်။ သန်လျင်ဈေးကြီးအတွင်း အမဲသား၊ ငါးရုံတွင် ယင်ကောင် မဝင်အောင် သံဇကာဆုံလည် တံခါးကြီးများ တပ်ထားသည်။

ပညာရေးအားဖြင့် တစ်ပြည်လုံးမှ ကြေးရတတ်သားသမီးများ လာရောက်အပ်ရသည်အထိ နာမည်ကြီးသော စိန့်ဂျော့ဂျ်ကသာသနာပြုကျောင်းကောင်းအပြင် ဟံသာဝတီခရိုင်၌ တစ်ခုတည်းဖြစ်သည့် အမေရိကန် မက်ဒသစ်ဟိုက်စကူးကျောင်းကြီးလည်းရှိသည်။

ဘီအိုစီကုမ္ပဏီ ကြီးစိုးရာမြို့ဖြစ်သဖြင့် သန်လျင်မြို့အပါအဝင် ဟံသာဝတီခရိုင်၏ အရေးပိုင်၊ ရာဇဝတ်ဝန်ဆိုလျှင် ဘိလပ်သားအစစ်များ ဖြစ်လေ့ရှိ၏။ ခရိုင်ဆရာဝန်ဆိုလျှင်လည်း ဘိလပ်သားအစစ်ပင် ဖြစ်သည်။

ကျွန်တော့်ဖေဖေ ဒေါက်တာဦးသက်ဖေသည် ဘိလပ်ပြန်မဟုတ်သော်လည်း ဘုံဘေဆေးတက္ကသိုလ်ထွက်ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ထို့ကြောင့် ကိန်းခန်းကြီးသော သန်လျင်ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်ကြီးတစ်ဦးဖြစ်နေ၏။

ကျွန်တော်တို့မှာ မိဘနှစ်ပါးလုံးဘက်မှ ဘိုးဘွားဘီဘင်များ လက်ထက်ကစ၍ သန်လျင်ဇာတိဖြစ်သည်။ ဖေဖေသည် ဆေးရုံကြီးဝင်းအတွင်း၌ အိမ်ရသော်လည်း မနေ။ သန်လျင်သဘော်ာဆိပ်သို့ ပြေးသောကားလမ်းနှင့် ရုံးလမ်းထောင့်ဂါတ်နှင့် မနီးမဝေးတွင် ကျွန်တော်တို့ မိဘဘိုးဘွားပိုင် လေးဧကခန့်ကျယ်သောခြံနှင့် တိုက်ရှိသည်။ ကျွန်တော်တို့ခြံနှင့် စပ်လျက်ရှိသော တစ်ဖက်ခြံမှာ သူဌေးပိုင်ခြံတစ်ခုဖြစ်၍ အိမ်ကောင်းကောင်းဆောက်ကာ အရာရှိများကို ငှားရမ်းထားလေ့ရှိသည်။ ယခု ထိုတစ်ဖက်ခြံ၌ အသစ်ပြောင်းလာသော နယ်ပိုင်ရာဇဝတ်တရာသူကြီး ငှားနေသည်။

တရားသူကြီးသည် ပြောင်းလာစဖြစ်သဖြင့် ကျွန်တော်တို့နှင့် တစ်ဦးနှင့်တစ်ဦး မခင်မင်ကြသေး။ သို့ရာတွင် ထိုတစ်ညက ကလေးပျောက်သည်နှင့်ပတ်သက်၍ လူကြီးချင်းမှာ ခင်မင်သွားကြသည်။

လူကြီးများထံမှ ကျွန်တော်သိရသမျှ တရားသူကြီး၌ သမီးလေးယောက်ရှိသည်ဆို၏။ သို့ရာတွင်သူတို့အားလုံးနှင့် ကျွန်တော်မသိကျွမ်းသေး။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




POST ရာထူးဝင်ခွင့်သင်တန်း
Tel: 09420129333
ပြည်ထောင်စုအင်္ဂါ (၂၈-၂-၂၀၁၅) စမည်။
စနေ၊တနင်္ဂနွေ နှင့် ကြားရက် နံနက် /ညနေ တန်းခွဲများ
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။

'စာမေးပွဲကြီးအတွက် ရမှတ်ကောင်းပြီး အခြေခံ ကောင်းစေမည်'
ဦးရဲမင်းဗိုင် (သချာ) နွေသင်ရိုးကုန်
၈ တန်း(တိုင်းစစ်)ဘာသာစုံ
9:00 စမည်၊ 12:00 ကျောင်းဆင်းမည်။
၉တန်း၊ ၁၀တန်း(သိပ္ပံ၊ဝိပ္ပံ)ဘာသာစုံ
12:30 စမည်၊ 3:30 ကျောင်းဆင်းမည်။
သင်တန်းအားလုံး မတ်လဆန်း၈,မည်
၁၆၅(ပထပ်)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်။ဖုန်း ၀၉ ၇၃၁ ၆၁၁၄၀

## အမြန်ပြန်လာပါ

ညီလေး ကောင်းမြတ်မိုး ညီလေးအိမ်ကထွက်သွားတဲ့အချိန်ကစပြီး အဖေ၊ အမေ စိတ်ထိခိုက်ပြီး ကျန်းမာရေးစိုးရိမ်ပူပန်နေရတယ်။

ညီလေး ရောက်ရာအရပ်ကနေ အမြန်ဆုံးဆက်သွယ်ပေးပါ။ ညီလေး ကိစ္စအဝဝအားလုံး ခွင့်လွှတ်တယ်။

ကိုကြီးဟိန်းထက်အောင်(ခ)ကိုထက်
ဖုန်း-၀၉-၄၅၀၀၁၃၇၄၄၊ ၀၉-၅၁၃၀၄၈၂၊
၀၉-၄၉၃၀၀၅၇၆၊ ၀၁-၄၂၂၄၄၃-၅၁၅

# ကရင်ပြည်နယ်အတွင်း မွေးမြူထုတ်လုပ်မှုနှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ဆုများ ပဏာမ ရွေးချယ်ရေး ဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂၂**

နိုင်ငံစွမ်းဆောင်ရည်ဆုချီးမြှင့်ပေးနိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဏာမရွေးချယ်ရေး အဖွဲ့သည်ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၉ နာရီက ပဏာမလာရောက်အကဲဖြတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ဘားအံမြို့နယ်တောင်သူကုန်းကျေးရွာအုပ်စုနှင့် နောင်ကျန် ကျေးရွာအုပ်စုများတွင် ပေါင်းစည်းလယ်ယာ ဆောင်ရွက်ထားရှိမှု ကြက်မွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့်ငါးမွေးမြူရေးဆောင်ရွက်ထားရှိခဲ့ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းရှင်များထဲမှ နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆုများတွင် မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှုလုပ်ငန်းရှင်ဆု(အသားကဏ္ဍ) နှင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆုများကို ကရင်ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များဆုအဖြစ် ရွေးချယ်နိုင်ရန် စိစစ်အကဲဖြတ်စစ်ဆေးခြင်းဖြစ်သည်။

ယင်းရွေးချယ်ရေးအဖွဲ့မှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် အဖွဲ့သည် မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု(အသားကဏ္ဍ)အတွက်တောင်သူကုန်းကျေးရွာအနီးရှိ တောင်သူဦးဝင်းနိုင်၏ ပေါင်းစည်းလယ်ယာအတွင်း စပါးစိုက်ပျိုးထားရှိမှုများ၊ စက်မှု လယ်ယာကဏ္ဍတွင် အကျိုးပြုလျက်ရှိသော လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကြက်၊ ဘဲ၊ နွားမွေးမြူထားရှိမှုငါး/ပုစွန်မွေးမြူမှုများ၊ ဖရဲနှင့်အခြားသစ်သီးသစ်ပင်စိုက်ပျိုးမှုများကို စစ်ဆေးခဲ့သည်။

ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆုအတွက် ပဏာမာစိစစ်အကဲဖြတ်မှုကို တောင်သူကုန်းကျေးရွာအုပ်စုအနီးရှိ အောင်နိုင်သူမြေ (Winner Land)ကုမ္ပဏီပိုင်ရှင် ဒေါက်တာအောင်မြင့်၏ ငါး၊ ပုစွန်ကန်များသို့သွားရောက်၍ ငါး၊ ပုစွန်များမွေးမြူထားရှိမှု၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ထုတ်လုပ်ဖြန့်ချိနိုင်မှု ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု စသည်တို့ကို ပဏာမစိစစ်အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မွေးမြူထုတ်လုပ်မှုလုပ်ငန်းရှင်ဆု (အသားကဏ္ဍ)အတွက် နောင်ကျန်ကျေးရွာအနီးရှိလုပ်ငန်းရှင် ဦးစောဘသိန်း၏ ရေပေါ်ကြက်ခြံတွင် ကြက်များမွေးမြူထားရှိမှု၊ ကြက်ဥထုတ်လုပ်နိုင်မှု၊ ဈေးကွက်ဖြန့်ချိမှု၊ ကူးစက်ရောဂါကင်းရှင်းရေးဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ရေနေသဘာဝ မညစ်ညမ်းစေရေး ဆောင်ရွက်ထားရှိမှု စသည်တို့ကို စစ်ဆေးခဲ့သည်။

ထိုပဏာမရွေးချယ်ရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များတွင် ဘားအံမြို့နယ်အတွင်းရှိ ပေါင်းစည်းလယ်ယာများ၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းတွင် အောင်မြင်လျက်ရှိသော လုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းထုတ်လုပ်မွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ပဏာမ သွားရောက် စိစစ်အကဲဖြတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**စစ်သွေး(ပြန်/ဆက်)**



## တံမြက်စည်းပြုလုပ်ရန် နတ်မြားပင်များပဲခူး၌ ဝယ်ယူမှုတွင်ကျယ်လာ

**ကျိုက်ထို ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အိမ်သုံးတံမြက်စည်းချောများ ပြုလုပ်ရန်အတွက် နတ်မြားပင်များ ဝယ်ယူမှုလုပ်ငန်းတွင်ကျယ်လျက်ရှိရာ ပြည်ပနိုင်ငံများအထိ တင်ပို့နေရကြောင်း သိရသည်။

ပဲခူးမြို့တွင် ကျိုက်ထိုမြို့နယ်မှ တင်ပို့သော နတ်မြားပင်များအား မြောက်များစွာဝယ်ယူကာ အိမ်သုံးတံမြက်စည်းချောလုပ်ကိုင်သည့် လုပ်ငန်းများရှိသည်။

နတ်မြားပင်များသည် တောတောင်ထဲတွင်အလေ့ကျပေါက်သော အပင်မျိုးဖြစ်ပြီး ဆောင်းရာသီကုန်ကာလတွင် အပင်ရင့်ချိန်၌ ရိတ်သိမ်းကာ ခန့်မှန်းအပင် ၁၀၀ ခန့်အစည်းများစည်း၍ တစ်စည်းလျှင် ကျပ်၁၅၀ နှုန်းဖြင့် ပေးသွင်းရသည်။

နတ်မြားပင်လုပ်ငန်းမှာ ဖေဖော်ဝါရီ တစ်လတည်းသာ လုပ်ကိုင်ရပြီးနတ်မြားရိတ်သိမ်းသူများအနေနှင့် ကျွမ်းကျင်မှုအပေါ် မူတည်၍ တစ်နေ့တွင်ဝင်ငွေ ပျမ်းမျှ ၅၀၀၀ ကျပ်ခန့်ရရှိကာ မိသားစုအလိုက် တောထဲတွင်သွားရောက်ရိတ်သိမ်းကြကြောင်း သိရသည်။

နတ်မြားပင်များ ဒိုင်ဖွင့်ဝယ်ယူရာတွင် နတ်မြားပင်အစိုများကို ကွင်းပြင်တွင် အခြောက်လှန်း၍ တစ်ပိဿာခန့်အစည်းများစည်းကာ ပဲခူးမြို့တွင် သွားရောက် ပေးသွင်းရပြီး နတ်မြားအခြောက်တစ်ပိဿာလျှင် ၅၀၀ ကျပ်နှုန်းရှိသည်။ **(ရဲခေါင်ဦး)**



# တက္ကသိုလ်ဝင်တန်းဖြေသူများ သတိပြုလိုက်နာသင့်သည့် သိမှတ်ဖွယ်ရာ

**à yarmu@ufmcififef**

စာစစ်အတွေ့အကြုံများအရ စာဖြေသူများသည် စိတ်လှုပ်ရှားနေသဖြင့် စာဖြေရာတွင် စာရွက်များကို ကျော်, ကျော်၍ဖြေကြောင်း တွေ့ရှိရပါတယ်။ အကယ်၍ ကျော်ဖြေမိသွားကလည်း P.T.Oဟု အညွှန်းပြုစေချင်ပါတယ်။ ဒီအညွှန်းပြုမပါသဖြင့် တစ်ခါတစ်ရံစာရွက်လွတ်များစွာ ကျော်ပြီးနောက်

> အဖြေမှန် အပေါ်တွင် ပါရှိပြီးဖြစ်ပါလျက် သေချာစွာ ဖတ်ရှုခြင်းမရှိသဖြင့်. . . .

ဖြေထားသော စာများ၊ ပုံများ ကျန်ရှိနေပါတယ်။

ဒီထိုဖြစ်ရပ်များအတွက် အမှတ်မရမှာ မစိုးရိမ်ပါနဲ့။ အကြောင်းကတော့ အဖြေလွှာတစ်အုပ်အတွက် အမှတ်ရရှိဖို့ရာ စာစစ်သူ သုံးဦးပြီးမြောက်မှ အမှတ်ထွက်ရှိရမှာ ဖြစ်ပါတယ်။ ဦးစွာ Check ၊ ဒုတိယ Cross Check၊ တတိယ Counter Check ဖြစ်ရာ တစ်ဦးမဟုတ်တစ်ဦးက တွေ့ရှိပြီး စစ်ဆေးအမှတ်ပေးရမှာ ဖြစ်ပါတယ်။ နောက်ဆုံး စာစစ်မှူး၊ တွဲဖက်စာစစ်မှူး၊ စာစစ်မှူးချုပ်မှ စစ်ဆေးပြီး အမှတ်သွင်းရမှာ ဖြစ်ပါတယ်။

ဘာသာရပ်အသီးသီးအတွက် အမှတ်ပေး စည်းမျဉ်းသတ်မှတ်ချက်များအရ စစ်ဆေးရာဘာသာရပ်အလိုက် အမှတ်ပေးစည်းမျဉ်းများ ခွဲဝေမှုများရှိရာ စာရေးသူတို့ဇီဝဗေဒဘာသာရပ်တွင် ပုံများပါဝင်သဖြင့် အညွှန်းများအရ အညွှန်းတစ်ခုအတွက် ၁/၄ ပေးရသည့်အထိ ဆယ်လီစိတ်ရမှုများရှိရာ စာဖြေသူများအနေဖြင့် မိမိတို့ လေ့လာမှတ်သားထားမှုများကို မချွင်းမချန် ဖော်ပြနိုင်ရမှာ ဖြစ်ပါတယ်။ စာဖြေသူများအနေဖြင့် သိ,သိနှင့်မရေးလိုက်၊ မတပ်လိုက်ရသော Label များအတွက် အမှတ်များလျော့လျှက်ရှိကြောင်း တွေ့ရပါသည်။ အထူးသဖြင့်ခေါင်းစဉ် Caption များမတပ်ခြင်း။

မေးခွန်းကို စာဖြေသူတို့ အချိန်ပေးဖတ်ရှုစေလိုပါတယ်။ မေးခွန်းကို အမြီးပြန်ခေါင်းပြန် သေချာစွာ ဖတ်ရှုပြီး မိမိအပိုင်နိုင်ဆုံးအပုဒ်ကို ဦးစားပေးစနစ်ဖြင့် မှတ်သား၍ ဖြေဆိုရမှာဖြစ်ပါတယ်။ သတ်မှတ်ထားသော မေးခွန်းနံပါတ်စဉ်အလိုက် ဖြေဆိုရမည်ဟု သတ်မှတ်ချက်မရှိပါ။ မိမိနှစ်သက်သလို မေးခွန်းနံပါတ်တပ်၍ ဖြေဆိုရမှာ ဖြစ်ပါတယ်။ စာရေးသူတို့ ငယ်စဉ်ကျောင်းသား ဘဝက မေးခွန်းနံပါတ်မှားတပ်၍ဖြေဆိုက အမှတ်မရရှိပါ။ မေးခွန်းနံပါတ်များ မှန်ကန်စွာ တပ်၍ ဖြေဆိုရပါမယ်။

မေးခွန်းကို သေချာစွာဖတ်ဖို့လိုတယ်လို့ ပြောရခြင်းဟာ ဘာသာရပ်အလိုက် မေးခွန်းတွင် TRUE / FALSE များ ပါရှိပါတယ်။ Statements များတွင် TRUE Statements များကို Completion တွင်လည်း မေးနိုင်ပါတယ်။ TRUE Statement ဖြစ်ရာ ကွက်လပ်ကြိုက်ရာထား၍ မေးနိုင်ပါတယ်။ တစ်ချိန်တုန်းက အပေါ် Statement တစ်ခုဖော်ပြ၍ မေးရာ ၎င်းဟာ TRUE Statement ဖြစ်ပြီး TRUE ဟုဖြေရပါတယ်။ ၎င်းကို ဒုတိယမေးခွန်း Completion တွင် ကွက်လပ်ထား၍ ပြန်မေးရာ စာဖြေသူ ၁၀၀ တွင် နှစ်ဦးသာ မှန်ကန်စွာ ဖြေဆိုနိုင်ကြောင်း တွေ့ရှိရပါတယ်။ အပေါ်တွင် TRUE အဖြေမှန်ဖြေဖြစ်ပြီး အောက်တွင်ကွက်လပ်ကို ဖြည့်ရာ မှန်ကန်စွာမဖြည့်နိုင်ကြောင်း တွေ့ရပါတယ်။ အဖြေမှန် အပေါ်တွင် ပါရှိပြီးဖြစ်ပါလျက် သေချာစွာဖတ်ရှုခြင်းမရှိသဖြင့် ရမည့်အမှတ်၊ စဉ်းစားစရာ မလိုသောအမှတ် ဆုံးရှုံးသွား ရခြင်းဖြစ်ပါတယ်။

စာဖြေကြမည့် ကျောင်းသား၊ ကျောင်းသူတွေ မကြာမီဖြေဆိုရမည့် စာမေးပွဲကြီးသည် မိမိတို့ဘဝ ရည်မှန်းချက်အတွက် ဖြတ်သန်းရမည့် တံတိုင်းဖြစ်ရာ အောင်မြင်စွာ ကျော်ဖြတ်နိုင်ရေးအတွက်ကျန်းမာရေးကို အထူးဂရုစိုက်ရပါမယ်။

တစ်နှစ်တာအတွင်း လေ့လာမှတ်သားထားသော ဘာသာရပ်အသီးသီး၏ အဆီအနှစ်များကို ခေါင်းအေးအေး စိတ်အေးအေးထား၍ ပြန်လည်နွှေးရပါမယ်။ စာမေးပွဲခန်းတွင် မေးခွန်းလွှာအား အချိန်ယူ၍သေချာစွာ ဖတ်ရှုရပါမယ်။ ဖြေဆိုချိန် (၃)နာရီသည် စာဖြေသူအတွက် လုံလောက်သောအချိန်အပြည့်အဝပေးထားခြင်းဖြစ်ပါတယ်။

မေးခွန်းဖတ်၍ (နာရီဝက်) ကုန်သွားခြင်းဟာ အလဟသကုန်ဆုံးသွားခြင်း မဖြစ်ပါ။ အမှားအမှန်သေချာစွာ ပိုင်းခြားနိုင်၍ အပိုင်နိုင်ဆုံးမေးခွန်းများကို စနစ်တကျရွေးချယ်နိုင်ခြင်း (OR) ခံထားသော မေးခွန်းများအတွက် မိမိအပိုင်နိုင်ဆုံးကို Choice လုပ်နိုင်ခြင်းတို့ ကောင်းစွာပြုလုပ်နိုင်ပါတယ်။ ဒါကြောင့် စာဖြေသူများအားလုံး မေးခွန်းကို သေချာစွာဖတ်ပါ။ စနစ်တကျဖြေဆိုပါ၊ မေးခွန်းနံပါတ်စဉ်များ မှန်ကန်စွာတပ်ပါ။ စာရွက်များ ကျော်မဖြေပါနဲ့ ကျော်ဖြေက P.T.O အညွှန်းတပ်ပါ။ မိမိခုံနံပါတ်ကို ပီသမှန်ကန်စွာရေးပါ။ သတ်မှတ်ထားသော မေးခွန်းပုဒ်ရေ ပြည့်စုံစွာဖြေဆိုပါ။ မေးခွန်းတိုင်းအတွက် အမှတ်ပေးပြီးသားရှိနေသဖြင့် မေးခွန်းချန်ခဲ့က ၎င်းအတွက် အမှတ်လုံးဝရတော့မည် မဟုတ်ပါ။ နောက်ဆုံးအနေနှင့် ပညာရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ပြုလုပ်သောတက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်အသီးသီး၏ သိမှတ်ဖွယ်ရာများကို သေချာစွာ လေ့လာဖတ်ရှုခြင်းဖြင့် အောင်ပွဲအသီးသီး ရယူနိုင်ကြပါစေ။ ။

> ဖြေဆိုချိန် (၃)နာရီသည် စာဖြေသူအတွက် လုံလောက်သော အချိန်အပြည့်. . . .

# ခေါင်းဆောင်မှုဆိုင်ရာ အစည်းအဝေးနှင့် ပညာသင်ဆု လျှောက်ထားနိုင်

The Chrysalis International Young Leaders Conference ကို Australia နိုင်ငံ Brisbane မြို့ Queensland Universityအတွင်းရှိ Emmanuel College တွင် ဇွန် ၂၈ရက်မှ ဇူလိုင် ၅ရက်အထိ တစ်ပတ်တိတိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Edulink Australia မှ ပညာရေးအတိုင်ပင်ခံ မဇင်မာစိုးကပြောသည်။

"နိုင်ငံတကာကျောင်းသား၊ ကျောင်းသူအားလုံးပါဝင်တဲ့ ရက်သတ္တပတ်အတွင်းစိတ်ဝင်စားဖွယ်ရာ အစီအစဉ်တွေပါဝင်ပြီး ကျောင်းသားကျောင်းသူတွေရဲ့ အနာဂတ်ပန်းတိုင်နဲ့အခွင့်အလမ်းကောင်းတွေကို သူတို့ရဲ့နိုင်ငံ၊ တက္ကသိုလ်နဲ့ ကျောင်းတွေမှာ တန်ဖိုးရှိတဲ့ခေါင်းဆောင်နိုင်မှု စွမ်းရည်တိုးတက်လာစေလိုဖို့ ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်တယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါ The Chrysalis International Young Leaders Conference မှတစ်ဆင့် မိမိကိုယ်ကို ယုံကြည်မှုရရှိစေခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း များတိုးတက်လာခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာများကို လူမှုအဖွဲ့အစည်းနှင့် ပညာရေးနယ်ပယ်တွင် ဦးဆောင်နေသော လူများမှ guest speaker အနေဖြင့် ပါဝင်ဆွေးနွေးပေးခြင်း၊ Piersim စနစ်ကို အသုံးပြု၍ လေ့ကျင့်သင်ကြားပေးခြင်း၊ စိတ်ဝင်စားဖွယ်ရာ Social activities များ ပါဝင်မည်ဖြစ်သည်။

Chrysalis conference တက်ရောက်ပြီးနောက်လူငယ်များအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ဦးဆောင်နိုင်မှုစွမ်းရည်များ ပိုမိုတိုးတက်လာနိုင်ခြင်းစသည့် ရရှိမည်ဖြစ်ပြီးအဆိုပါ Conference တက်ရောက်မည့် ကျောင်းသူ ကျောင်းသားများအနေဖြင့် IELTS 5.5 (သို့မဟုတ်) IELTS 5.5နှင့် ညီမျှသောအရည်အချင်းရှိထားရန် လိုအပ်ကြောင်းသိရသည်။

Scholarship အစီအစဉ်များလည်း ရှိပြီး စိတ်ပါဝင်စားသူများ အနေဖြင့် မတ် ၂၈ ရက် နောက်ဆုံးထား၍ Edu Link Australia တယ်လီဖုန်းနံပါတ် ၀၉-၂၅၂၅၆၉၁၁၃၊ ၀၉၇၃၁၉၆၃၅၀၊ www.edulink australia. comသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

**စန္ဒာဝင်း**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
o , , yaqmia&;vyie;rm;twu wi'ac,ci;
၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။ ထို့ပြင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၌ စီမံကိန်းဝင်ပစ္စည်းများ ယာဉ်အောက်သို့ချခြင်း (Unloading) လုပ်ငန်းများလည်းရှိပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့ကို အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။
တင်ဒါပုံစံစတင်ထုတ်ပေးရက် - ၂၃-၂-၂၀၁၅ရက်
တင်ဒါပိတ်ရက် - ၆-၃-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
ထုတ်လုပ်ရေးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

**Rising Tide Travel & Tours**

| | | | |
|---|---|---|---|
| *ဗန်ကောက်-ပတ္တရား | (၅ညအိပ်-၆ရက်) | Apr 11 ရက် | : USD 760 |
| *ကိုရီးယားခရီးစဉ် | (၇ညအိပ်-၈ရက်) | Apr 11 ရက် | : USD 1990 |
| *ဩစတြေးလျခရီးစဉ် | (၁၀ညအိပ်-၁၁ရက်) | Apr 11ရက် | : USD 4200 |
| *ဥရောပခရီးစဉ် | (၁၃ညအိပ်-၁၄ရက်) | Apr 11ရက် | : USD 5300 |
| *အမေရိကခရီးစဉ် | (၁၅ညအိပ်-၁၆ရက်) | Apr 10 ရက် | : USD 6700 |

Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.

**အသိပေးကြေညာခြင်း**
ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောက်လုပ်လျက်ရှိသော တောင်ကြီးမြို့ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာ ဝယ်ယူခွင့်လျှောက်လွှာများကို ၁-၁-၂၀၁၅ ရက်မှ ၃၀-၁-၂၀၁၅ရက်အထိ လျှောက်လွှာစောင်ရေ(၂၅၉၈) စောင်တိတိ ရောင်းချပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၅ခုနှစ်၊ မတ်လ (၃)ရက်မှစ၍ တိုက်ခန်းဝယ်ယူခွင့် သတ်မှတ်ပေးတော့မည်ဖြစ်ပါသဖြင့် လျှောက်လွှာ ပေးသွင်းရန် ကျန်ရှိနေသူများ အမြန်တင်ပြပေးရန် အသိပေးကြေညာအပ် ပါသည်။
ရှမ်းပြည်နယ်အစိုးရအဖွဲ့

Enroll Now! Limited Seat
UK နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်သည့် ကွန်ပျူတာသိပ္ပံဘွဲ့ကို ရန်ကုန်မြို့ ရှိ
GUSTO - Institute of IT ၌ ရယူနိုင်ပါပြီ
**2015 March Intake**
Foundation (Tue ~ Fri - 2:45 pm - 7:00 pm)
- တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- IT ပညာရပ်၏ မဖြစ်မနေသိသင့်သော Core Techniques များသာမက နိုင်ငံတကာတွင် ပညာဆည်းပူးရန် လိုအပ်သော Study Skills နှင့် Soft Skills များကိုပါ သင်ကြားပေးသွားမည်ဖြစ်သည်။

HND (Sat, Sun - 9:30 am - 4:00 pm)
- အသက် (၁၈) နှစ်ပြည့်ပြီး တက္ကသိုလ် ဒုတိယနှစ်နှင့် အထက် ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။
- IT နယ်ပယ်တွင် နည်းပညာ ကျွမ်းကျင်ပညာရှင် (သို့) စီမံခန့်ခွဲ အုပ်ချုပ်သူ အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အတွက် လိုအပ်သော Skills, Knowledge နှင့် Attitude တို့ကို အကောင်းဆုံး ရရှိနိုင်ရန် ဘာသာရပ်(၁၆) ခုကိုလေ့လာရမည်။

GUSTO သည် Academic quality ကောင်းမွန်ခြင်း၊ Job opportunities အများအပြား ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် IT နယ်ပယ်တွင် ကျောင်းသားအင်အားအများဆုံး တက်ရောက်သင်ကြားနေသော Edexcel (UK) အသိအမှတ်ပြု Institute တစ်ခု ဖြစ်ပါသည်။
GUSTO Institute of Information Technology
Admission Enquires: #289(A), Pyay Road, Sanchaung Tsp., Yangon.
Ph: 09 86 28806, 450056104, 01 503715.

TRAVEL KING Travels & Tours

| | | |
|---|---|---|
| စင်ကာပူ | ( ၃ည / ၄ရက်) | 950 USD |
| ဖူးခက် ( ဟန်းနီးမွန်းခရီးစဉ် ) | ( ၃ည / ၄ရက်) | 900 USD |
| ဘန်ကောက် - အယုဒ္ဓယ - ပတ္တရား | ( ၅ည / ၆ရက်) | 685 USD |
| ဗီယက်နမ် - ကမ္ဘောဒီးယား - ဘန်ကောက် | ( ၇ည / ၈ရက်) | 1450 USD |
| စင်ကာပူ - မလေးရှား - ဘန်ကောက် | ( ၉ည/၁၀ရက်) | 1550 USD |

* သင်ကြိုက်နှစ်သက်သောခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
Ph : +95 1249254 ,9 421013358,9 43165279 ,9 31350960 : 9 51122636.

**အခန်းတွင်းဒီဇိုင်း အလှဆင်ရေးဆွဲခြင်း**
**Interior Design သင်တန်း ဖွင့်လှစ်**
ပြည်တွင်း၊ပဆောက်လုပ်ရေးကုမ္ပဏီများ၊ Decoration ကုမ္ပဏီများတွင် Interior Designer အဖြစ် သက်မွေးလိုသူများအတွက် Interior Design သင်တန်းကို 3Dsmax ဖြင့် Modelling, Rendering, lighting၊ Animation, Photoshop နောက်ဆုံး ဒီဇိုင်းထုတ်နိုင်သည်အထိ အတတ်သင်ကြားပေးသည်။ သင်တန်းပြီးဆုံးသွားပါက လစာကောင်းကောင်းနှင့် ဝင်ရောက်လုပ်ကိုင်နိုင်မည်။ အသေးစိတ်သိလိုပါက facebook.com/sayaaungpro
PROMOTION Computer 0973184525 ☎ 01-389038
အမှတ် ၂၂၆၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (လယ်)၊ ကျောက်တံတား

# ဒုတိယအကြိမ် ဝက်သက်ဂျိုက်သိုးကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းဆောင်ရွက်

**ရေဦး၊ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ပြည်သူကို ဗဟိုပြုလျက် ဒုတိယအကြိမ် ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက အောင်ဆန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမအကြိမ်တွင် အခြေခံပညာကျောင်းများ အခြေပြုလျက် အသက် ၅ နှစ်မှ ၁၅ နှစ်ထိ ကလေး ၂၁၂၄၇ ဦးကို ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ယခုအကြိမ်တွင် ပြည်သူကို ဗဟိုပြုလျက် မြို့နယ်လုံးကျွတ် အသက် ၉ လမှ ၁၅ နှစ်နှင့် ကျောင်းမနေသော ကလေးများအပြင် ပထမအကြိမ်က ဆေးမထိုးခဲ့ရသော ကလေးများကိုလည်း ဖြည့်စွက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဆေးထိုးပေးခြင်းအားဖြင့် ဝက်သက် ဂျိုက်သိုးရောဂါ ဖြစ်ပွားမှုမှ ကလေး ၉၅ ရာခိုင်နှုန်းထိ ကာကွယ်ပေးနိုင်ကြောင်း၊ ဝက်သက် ဂျိုက်သိုးရောဂါအကြောင်း သိရှိနိုင်ရန် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးကာ ၁၀ ရက်စီမံချက်ဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သန်းထိုက်(ရေဦး)**

# ယာယီဆိုင်ခန်းဖွင့်ရန် သိန်း ၂၀ ပေးအပ်

**ရေနံချောင်း၊ ဖေဖော်ဝါရီ ၂၂**

ရေနံချောင်းမြို့ ရွာသစ်ရပ်ကွက် စည်ပင်သာယာရေးဦးစီးခန်းမတွင် ဖေဖော်ရီ ၂၀ ရက် နံနက် ၁၁ နာရီက အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် မီးဘေးသင့်ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင်ဒုတိယဝန်ကြီးက ရေနံချောင်းမြို့ အသေးစား၊ အလတ်စား လုပ်ငန်းများနှင့်ပတ်သက်ပြီး လူငယ်များအလုပ်အကိုင် ရရှိနိုင်ရေး၊ လမ်းပန်းဆက်သွယ် ရေးစသည့် ရေနံချောင်းဖွံ့ဖြိုးမှုအပေါ် မိမိတတ်နိုင်သမျှလုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လွင်က မီးဘေးသင့်ဈေးသူ၊ ဈေးသားများအား ယာယီဆိုင်ခန်းဖွင့်လှစ်နိုင်ရန် ကျပ်သိန်း ၂၀ လိုအပ်လျက်ရှိကြောင်း တောင်းဆိုရာ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရေနံချောင်းမြို့နယ်အထောက်အကူပြုကော်မတီရှေ့တွင် ပေးအပ်ခဲ့သည်။ **သိန်းဇော်(မြန်/ဆက်)**

# ကနီမြို့လူနာဆောင်တိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး



**ကနီ၊ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်းက စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့ဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် Bright Star Wave ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်း ဖြစ်သည်။

ဆေးရုံလူနာဆောင် တိုးချဲ့ဆောက်လုပ်ရာတွင် အလျား ပေ ၇၀၊ အနံ ၂၈ ပေရှိ သံကူကွန်ကရစ် RC တစ်ထပ်ဆောင်ကို ပင်မလူနာဆောင်၏ လက်ဝဲဘက်နှင့် လက်ယာဘက်တို့တွင် ဆောက်လုပ်ခဲ့ရာ ၈၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး အလျား ၈၈ ပေ၊ အနံ ၃၂ ပေအကျယ်ရှိ အခန်းလေးခန်းတွဲ သံကူကွန်ကရစ် RC လေးထပ်ဆောင် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ သတ်မှတ်ရက်အတွင်းအပြီး ဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါ လေးထပ်ဆောင်ဝန်ထမ်းအိမ်ရာမှာ ကနီမြို့တွင် ပထမဆုံး အထပ်မြင့် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

**သံတောင်ကြီး၊ ဖေဖော်ဝါရီ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန NRC အဖွဲ့တို့ ပူးပေါင်း၍ မိုးပွင့်(အထူး) စီမံချက်ကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သံတောင်ကြီးမြို့ရှိ စူပါဝမ်းကုန်တိုက်အတွင်း၌ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

ယင်းနေ့များတွင် သံတောင်ကြီးမြို့ ပေါ်ရပ်ကွက်များနှင့် ဒါဝါလော်ချီး ကျေးရွာအုပ်စု၊ မောင်နွဲ့ကြီးကျေးရွာအုပ်စု၊ လိပ်ပြာကလေးကျေးရွာအုပ်စု၊ လိပ်ပြာကြီးကျေးရွာအုပ်စု၊ လယ်ခိုဒိုးကျေးရွာအုပ်စု၊ ခံတိုင်ကျေးရွာအုပ်စု အသီးသီးတို့မှ လာရောက်ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးပွင့်(အထူး) စီမံချက်တွင် ၃(က) အသက် ၁၀ နှစ် မှ ၁၈ နှစ်၊ ၆(က) အသက် ၁၈ နှစ်ပြည့် (မိတ္တူ) လဲလှယ်၊ ပျောက်၊ ပျက်များကို ပြုလုပ်ပေးခဲ့ရာ စုစုပေါင်း လူဦးရေ ၁၇၄ ဦး ကိုပြုလုပ်ပေးခဲ့သည်။ **မြို့နယ် (ပြန်/ ဆက်)**

## မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း နှစ်ပတ်လည် အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (မှတ်ပုံတင်အမှတ် ၁၀၅၁/၂၀၁၂-၂၀၁၄)၏ တတိယအကြိမ်နှစ်ပတ်လည်အထွေထွေမျက်နှာစုံညီအစည်းအဝေးကို ၂၀၁၅ခုနှစ်၊ မတ်လ(၂)ရက်(တနင်္လာနေ့) တွင်နေပြည်တော် မြတ်နန်းယုံဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသင်းဝင်ဆေးရုံများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

_ယခုနှစ်အထွေထွေမျက်နှာစုံညီအစည်းအဝေးကြီးတွင် မြန်မာနိုင်ငံ၌ပထမဆုံးကျင်းပပြုလုပ်မည့် နိုင်ငံတကာအဆင့်ဆေးရုံအုပ်ချုပ်မှုညီလာခံ Hospital Management Asia (HMA) 2015 ကျင်းပမည့် အစီအစဉ် နှင့် အသင်းဝင်ဆေးရုံများအတွက်အထူးအခွင့်အရေးအနေဖြင့် ထိုညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) သို့တက်ရောက်ခွင့်ကိစ္စမဲအစီအစဉ် ပါရှိပါသဖြင့် အသင်းဝင်ဆေးရုံများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်၊

_အသင်းမဝင်ရသေးသောဆေးရုံများအား အသင်းဝင်ရန်ခင်မင်ရင်းနှီးစွာဖိတ်ကြား၍ အသင်းဝင်ဆေးရုံများ နှစ်စဉ်ကြေးပေးသွင်းကြရမည်ကိုလည်း လေးစားစွာအကြောင်းကြားအပ်ပါသည်။

_အသင်းဝင်ဆေးရုံတစ်ရုံလျှင် ကိုယ်စားလှယ်(၂)ဦးစီ တက်ရောက်နိုင် ပြီးတက်ရောက်မည့် လူဦးရေစာရင်းကို (၂၃.၂.၂၀၁၅)(တနင်္လာနေ့)နောက်ဆုံးထားပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (အစည်းအဝေးဖိတ်စာအချိန်မီမရောက်ရှိသော အနယ်နယ်အရပ်ရပ်မှ အသင်းဝင်ပုဂ္ဂလိကဆေးရုံများအနေဖြင့် ဤကြော်ငြာကို ဖိတ်စာအဖြစ် မှတ်ယူ၍ အစည်းအဝေးတက်ရောက်ပေးကြပါရန် လေးစားစွာဖြင့်အကြောင်းကြားအပ်ပါသည်။)

မှတ်ချက်။ ။(၁.၃.၂၀၁၅) ရက်နေ့တွင် ကြိုဆိုမိတ်ဆက်ညစာစားပွဲရှိပါကြောင်းဖိတ်ကြားအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ



# နေပီယာနွားစားမြက်များ တိုးချဲ့စိုက်ပျိုးရေး တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း၊ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ဥယျာဉ်ခြံတွင် နေပီယာ နွားစားမြက်များ တိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးများတိုးချဲ့ဖြန့်ဝေပေးနိုင်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်၊ နံနက် ၁၁ နာရီက အဆိုပါ ဆည်ပေါက် ဥယျာဉ်ခြံတွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ပုပ္ပါးတောင်ချစ်သူများအသင်း နာယကဆရာတော် ဦးယုဇန(ရွှေနဒီပရဟိတ)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတိုင်းအေး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာ ကော်မတီဝင်များ၊ ပုပ္ပါးတောင်ချစ်သူများအသင်းမှအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် အနီးဝန်းကျင်မှ တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဆည်ပေါက်ဥယျာဉ်ခြံ ဦးစီးအရာရှိ ဦးငွေဆန်းက ခြံလုပ်ငန်းများနှင့် ပတ်သက်၍ ဦးစွာရှင်းလင်းတင်ပြပြီး၊ ခရိုင်အုပ်ချုပ်ရေးမှူးက နေပီယာနွားစားမြက်၏ သဘောသဘာဝနှင့် ပါဝင်သောအာဟာရဓာတ်များ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မှု အခြေအနေများနှင့် တောင်သူများနွားစာရှားပါးမှုအခက်အခဲ လျော့ပါးနိုင်စေရေးအတွက် မြက်မျိုးများ တိုးချဲ့ဖြန့်ဝေပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။



ယင်းနောက် တက်ရောက်လာသူများက ဆည်ပေါက်ဥယျာဉ်ခြံနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဥယျာဉ်ခြံတာဝန်ခံတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပုပ္ပါးတောင်ချစ်သူများအသင်း နာယကဆရာတော်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက ခြံအတွင်း စိုက်ပျိုးဖြစ်ထွန်းနေသောနေပီယာမြက်မျိုးများ စမ်းသပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာခဲ့ကြပြီး မျိုးဖြန့်ဝေနိုင်မှုအခြေအနေကို ပုပ္ပါးတောင်ချစ်သူများအသင်းမှ ဆရာဦးကျော်ဝင်းဆွေက ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆည်ပေါက်ဥယျာဉ်ခြံတွင် နေပီယာနွားစားမြက်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက် မှစတင်၍တစ်ဧက စမ်းသပ်စိုက်ပျိုးခဲ့သည်။ ယခုအခါ ယင်းစမ်းသပ်စိုက်ဧကမှ မျိုးကိုင်းပေါင်း ၂၆၄၀၀ ကိုင်းကို မြို့နယ်ပေါင်း ၂၉ မြို့နယ်သို့ ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

**စစ်တွေ၊ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ အမှတ်စဉ် (၁/၂၀၁၅) အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ ရခိုင်ပြည်နယ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်က အမှာစကားပြောကြားပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ် တတိယ သုံးလပတ်ကာလကုန်အထိ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ဦးစီးမှူး ဦးစိန်ထွန်းက ရှင်းလင်းတင်ပြကာ ၂၀၁၅ -၂၀၁၆ ခုနှစ် ရခိုင်ပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းအား ပြည်နယ်စီမံကိန်းဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

# ကုန်းဘောင်ခေတ် သစ်သားအဆောက်အအုံတည်ဆောက်မှု မန္တလေးတွင် ဟောပြော

**မန္တလေး၊ ဖေဖော်ဝါရီ ၂၂**

ကုန်းဘောင်ခေတ် သစ်သားအဆောက်အအုံ တည်ဆောက်မှုဟောပြောပွဲကိုဖေဖော်ဝါရီ၁၉ ရက် မွန်းလွဲ ၂နာရီက ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းနှင့် ၂၆ လမ်းထောင့် အမေရိကန်သံရုံး ပြန်ကြားရေးဌာန ဂျက်ဖာဆင်စင်တာတွင် ကျင်းပရာရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာပညာကျောင်းသား၊ ကျောင်းသူများ၊ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ဟောပြောပွဲတွင် ဗိသုကာပညာရှင် ဦးမောင်ရွှေက ကုန်းဘောင်ခေတ်ကာလတွင် အသုံးပြုခဲ့သောသစ်သားဆက်ခြင်း၊ဘုန်းတော်ကြီးကျောင်းများကို သစ်သားဖြင့် တည်ဆောက်ခဲ့မှုများကို ဟောပြောဆွေးနွေးခဲ့သည်။

ဗိသုကာပညာရှင် ဦးမောင်ရွှေသည်ရွှေနန်းတော်ကျောင်းပြုပြင်မှုတွင် အကြံပေးတစ်ဦးအဖြစ်ဆောင်ရွက်လျက်ရှိပြီး၊ ဂျပန်နိုင်ငံ ယိုကိုဟားမားတက္ကသိုလ်မှ ဗိသုကာဘွဲ့ရရှိကာ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ဗိသုကာပညာရပ်ကို သင်ကြားပေးခဲ့သည့် အငြိမ်းစားပညာရှင်တစ်ဦးဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် အမေရိကန်ပြည်ထောင်စု ကမ္ဘာ့အဆောက်အအုံများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေနန်းတော်ကျောင်းအား မူလပုံစံမပျက်ပြန်လည်ပြုပြင်မွမ်းမံရေး ဆောင်ရွက်နေပြီဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**

PUN HLAING HOSPITAL
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
LIKE US ON facebook Pun Hlaing Hospital
အကြောင်းကြောင်းကြောင့် ကလေးရရန် အခက်အခဲရှိနေပါသလား...?
သင့်ရဲ့မီးယပ်ဆိုင်ရာရောဂါများကို ခွဲစိတ်ဖို့ စိုးရိမ်ကြောင့်ကြနေပါသလား...?
ဗိုက်ခွဲမွေးဖွားစရာ မလိုအပ်ဘဲ ... သင့်ရင်သွေးလေးရဲ့ကျန်းမာရေး အခြေအနေကိုသိချင်ပါသလား...?
သင်၏အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးများကိုယ်တိုင် မှန်ပြောင်းအသုံးပြု၍ ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၁ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

EVER UP HUMAN RESOURCES INSTITUTE
EVER UP HUMAN RESOURCES INSTITUTE
abe (UK) အသိအမှတ်ပြု College
Advanced Certificate in Practical Marketing Management
2015 March 1 အတန်းများစမည်။ သင်တန်းကာလ - (၆)ပတ် ၃၅ နာရီ။ အပတ်စဉ်- Sat 1-4 pm & Sun 5-8 pm
သင်တန်းကြေး – ၈၀၀၀၀ ကျပ်
သင်ကြားမည့်သူ – [illegible] Lecturer (EVER UP HR Institute),
M.B.A (Cand., Heriot Watt University, U.K.), P.G.D.B.M (ABE, UK),
B.A. (Eng., YUFL), Adv. DBM (ABE .UK), D.B.M (ABE, UK), DIT,
Business Development Consultant cum Trainer,
(G.O.L.D. Management Training & Consultancy)
PROGRAM OUTLINES with mini-workshops
How to understand and apply modern marketing concepts in practice?
How to undertake successful marketing research process?
How to draw practical marketing plan?
How to make effective marketing decisions?
How to perform effective marketing communication activities?
Room-402, MGW Tower, Bo Aung Kyaw St., Botahtaung Township, Yangon, Myanmar.
Tel :95-1-256523, 09 731 75137
ENROLL NOW! LIMITED SEAT.

ဖတ်စရာ

# နွေဦးမှာအညာဓလေ့ရေချမ်းစင်များကို လှပစွာပြုလုပ်ကုသိုလ်ယူလာ

**à wdwref**

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုများသည် ထိုနိုင်ငံရှိ လူမျိုးတို့၏ စိတ်ရင်းနှင့် ဓလေ့ကို ဖော်ပြပေးသည်ဟုဆိုသည်။ မြန်မာ့ဓလေ့ မြန်မာ့စိတ်ရင်းကိုလေ့လာသမျှ ချစ်စရာဓလေ့များစွာ ရှိနေပေသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များကမူ မြန်မာတို့၏ အသုံးအဆောင်အပြုအမူ အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှုကို အလေးထားလေ့လာကာ မြန်မာ့ရှုခင်းများနှင့် မြန်မာ့စိတ်ရင်းများကိုမှတ်တမ်းယူလေ့ရှိကြသည်။

မြန်မာ့စိတ်ရင်း မြန်မာတို့၏ ချစ်စရာဓလေ့ကို အလွယ်ဆုံးသက်သေပြမှုအနေဖြင့် ရေချမ်းစင်များက သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရေချမ်းစင်များကို ကျေးလက်နှင့် မြို့ပြနေရာတိုင်းတွင် တွေ့နိုင်သည်။ ရေအသက်တစ်မနက်ဟု ဆိုသလို လူတွင်အလိုအပ်ဆုံးသော ရေကိုကုသိုလ်ပြုကာ စိတ်ကြည်နူးမှုရယူလေ့ရှိသည်။ ရေချမ်းစင်တည်သော ချစ်စရာဓလေ့ကို ရှေးနှစ်ပေါင်းများစွာက တည်းကပင် ပြုလုပ်လာခဲ့ကြသည်။ ဇာတ်တော်လာ ရေချမ်းစင် တည်ရခြင်းအကြောင်းတွင် ဝိပဿီဘုရား လက်ထက်မှစခဲ့သည်ဟုဆိုထားသည်။

ဘုရားရှင်ကို ဘုရင်မင်းမြတ်မှအစ သူဌေးသူကြွယ်အဆုံး အားလုံးအပြိုင်အဆိုင် သွတ်ငါ သာအောင် ကုသိုလ်ပြုနေချိန်တွင် ဆင်းရဲလွန်း၍ ရေထမ်းရောင်းရသော ရေထမ်းသမားလေးကလည်း မြစ်ထဲမှ ရေကိုခပ်ယူကာ ကျောင်းအသီးသီးတွင် လှူဒါန်း ကုသိုလ်ယူခဲ့သည်။ ရေထမ်းသမားလေးသည် ရေလှူရသောအကျိုးကြောင့် သေသည်၏ အခြားဖက်၌ နတ်မင်းအဖြစ် အကြိမ် ၅၀၊ စကြာဝတေးမင်းအဖြစ် အကြိမ် ၂၀ ဖြစ်ခဲ့သည်ဟု ဆိုထားသည်။

ရေလှူဒါန်းခြင်းဖြင့် အကျိုး ၁၀ ပါးရရှိသည်ဟု ဆိုထားသည်။ လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ကြီးခြင်းဆိုသော အကျိုးများပင်ဖြစ်ကြောင်း လက်ခံယုံကြည်ထားသည်။ လက်ရှိကာလတွင် ရေချမ်းစင်တည်ကာ ရေဖြည့်နေစဉ် မိမိကုသိုလ်ကို အားရစွာသောက်သုံးနေသည်ကို မြင်လျှင် လက်ငင်းစိတ်ချမ်းသာရခြင်းသည်ပင် လက်တွေ့အကျိုးပင်ဖြစ်ကြောင်း သိနိုင်သည်။

အညာဒေသတွင် သစ်ပင်များ၌ သုံးခွရေအိုးစင်ကလေးပြုလုပ်လှူဒါန်းခြင်းများမှသည် ခေတ်မီလှပစွာဖြင့် ရေချမ်းစင်များကို သောက်ချင်စဖွယ်ဖြစ်အောင်ပြုလုပ်လာကြသည်။ သာမန် ရေအိုးစင်များ၌ပင် ရေအိုးအောက်တွင် သဲခင်းကာ စပါးစေ့များကြဲပက်ပြီး အစိမ်းရောင်လွှမ်းအောင်ပြုလုပ်လေ့ရှိသည်။ ယခုအခါ အညာဒေသ ရေအိုးစင်တည်သည့်ဓလေ့တွင်ရေအိုးစင်များကို ပစ်တိုင်းထောင်ပုံ၊ ဇီးကွက်ရုပ်ပုံများပြုလုပ်ကာ အလှဆင်ရင်းရေကုသိုလ်ယူလာလေ့ရှိကြသည်။

## သေသည်၏ အခြားဖက်၌ နတ်မင်းအဖြစ်အကြိမ် ၅၀၊ စကြာဝတေး . . .



# ချင်းအမျိုးသားနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲပြုလုပ်

**တောင်ကြီး၊ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ်တွင် ပထမဦးဆုံးအကြိမ် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၀ ရက်၊ မွန်းလွဲ ၁၂ နာရီခွဲက တောင်ကြီးတက္ကသိုလ်၊ ကျောင်းဘက်စုံခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ် ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းတို့တက်ရောက်အား ပေးခဲ့ကြသည်။

(၆၇)နှစ်မြောက် ချင်းအမျိုးအသားနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အစီအစဉ်အရ ရှမ်းပြည်နယ် ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ပထမဆုံးအကြိမ် တောင်ကြီးတက္ကသိုလ်တွင် ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ကြောင်း နှစ်စဉ်ကျင်းပသွားရန် အစဉ်ကြိုးစားသွားကြရန်နှင့် အခြားအသင်းအဖွဲ့များလည်း ယခုလို ကျင်းပသွားနိုင်စေရန် တိုင်းရင်းသားအချင်းချင်းကူညီပြီး တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီစောင့်ရှောက်၍ မျိုးနွယ်စုအလိုက် အမျိုးသားနေ့များကို ကျင်းပနိုင်ပါစေဟု ဆုတောင်း၍ အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တောင်ကြီးတက္ကသိုလ် ချင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ ဒေါက်တာဒေါ်အေးစန်းက (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့ အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ် ချင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ ဒေါက်တာဒေါ်အေးစန်းက တောင်ကြီးတက္ကသိုလ်ဆေးခန်းနှင့် မဟာဓမ္မရက္ခိတဓမ္မာရုံအတွက် အလှူငွေပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းရင်းသားအကများ၊ တေးသီချင်းများ သီဆိုဖျော်ဖြေပြီး ပါမောက္ခဌာနမှူး(ငြိမ်း) သမိုင်းဌာန ဆရာကြီးဦးအက်ဘွေကောက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက်တောင်ကြီးတက္ကသိုလ် ပါမောက္ခဌာနမှူးများ၊ ပထဝီဝင်၊မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ ဆရာ၊ဆရာမများကစာတမ်းများကိုဖတ်ကြား တင်ပြခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ဆေးဝါးတိုးမြှင့်ထုတ်လုပ်ရေးအတွက် အဆောက်အအုံများနှင့် စက်ပစ္စည်းများ တည်ဆောက်တပ်ဆင် ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)**

စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)တွင် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများနှင့် စက်ပစ္စည်းများအား တည်ဆောက်တပ်ဆင်သွားနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Expression of Interest-EOI)အား စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၅ခုနှစ်၊ မတ်လ ၅ ရက်၊ ညနေ ၄း၀၀ နာရီ မြန်မာစံတော်ချိန်အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(EOI) ပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ပြည့်စုံစွာ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၃-၂-၂၀၁၅ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား
- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်-
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၈၁၄၀၊ ၀၆၇-၄၀၈၂၇၅၊ ၀၆၇-၄၀၈၁၉၅)







Padan Village Apartment
လှိုင်သာယာမြို့နယ်၊ အတွင်းပဒံ ပေါ်ရှိ အငှားဈေးကွက် အလွန်ကောင်း
ပထမအကြိမ် စတင်ရောင်းချသည့် အခန်း (၆၀) မှ ရောင်းရန် (၁၅) ခန်းသာ
ကျန်ရှိ(၆)ခန်းတွဲ (၅)ထပ်တိုက် ၊ ဓါတ်လှေကား (၃)စီး၊ ကိုယ်ပိုင်မီးစက်၊
(၂၀၁၅)နှစ်၊ အောက်တိုဘာလတွင် အခန်းအပ်နှံမည်။
အနော်ရထာစက်မှုဇုန် အပိုင်း(၁)(၂)
Padan Village Apartment
YTU
စက်မှုဇုန် (၁)(၂)(၃) ရွှေလင်ပန်း
( 1200 )sqft
Bed Room (2)
Diring Room
Master Bed Room (1)
Kitchen Room
60 ft
20 ft
❒ မြေပိုင်မြေပေါ်တွင် တည်ဆောက်ထားသည့် ခိုင်မာသည့် ကိုယ်ပိုင်အိမ်ရာ
❒ အဆောက်အဦးပြီးစီးမှု ၇၀ ％
❒ လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်ကြီးများမှ ဝိဇ္ဇဝန်ထမ်းများကို ထားရှိရန် ဝယ်ယူလိုပါက တိုက်တစ်တိုက်လုံး ရောင်းချပေး၍ ဈေးပေး ညှိနှိုင်းပေးပါမည်
KBZ ဘဏ်နှင့် (၃)နှစ်
Hire Purchase /
ကြိုတင်အရစ်ကျစနစ်ဖြင့်
မည်သူမဆို ဝယ်ယူနိုင်
အကျောင်းကြားခန်း
၁၀၇/၁၀၉၊ အနော်ရထာလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ ဝါဝါဝင်းတာဝါ (၁၂)လွှာ၊ ဖုန်း / ၀၁ - ၂၅၀၆၅၀၊ ၂၅၁၆၆၇၊ ၂၅၁၆၆၈

## မဝိလာညွှန့်ဝင်း ဈေးရှူးတစ်လွှာ

မန္တလေးမြို့နေ ဦးလှမောင် + ဒေါ်မာမာတို့၏ သားကြီး ရန်ကုန်မြို့ ပိုက်ချုပ်လမ်း အမှတ် (၁၅၁) နေ

**မောင်နိုင်ဝဏ္ဏ**

B.Sc (Physics)

NS-Dawn (Film Editor) နှင့်

တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ရှမ်းရိုးလမ်း အမှတ် (၆၅) နေ

(ဦးသောင်းအောင် + ဒေါ်ခင်အေးမြင့်) တို့၏ သမီးငယ် ဒေါ်နှင်းအမော်ဆွေ (THANKS မိန့်ဆိုင်) ၏ညီမ

**မေအားမော်လေး**

M.Sc (Chemistry) တို့၏

၁၄-၂-၂၀၁၅ ရက် တောင်ကြီးမြို့ ... [illegible] ... MD, UAC Eng Co.Ltd ... Director UACEng Co.Ltd ... My Dream (Ygn) Secret Garden (Tgi) ... (USA) ... Prewedding ... Exposure ... Secret Garden (Tgi) ... Classic Restaurant ... PoloClub Western Park ... [illegible]

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ဝဏ္ဏ - မေအားမော်လေး

---

သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

**ဆုပြည့် 0931815390, 0931815395**

| | |
|---|---|
| ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)- ၃၅၀၀၀ | နွေရာသီကျောင်းပိတ်ရက် ရုံးပိတ်ရက်များအတွက် |
| ချောင်းသာ(နေ့စဉ်)(ငြိမ်း)- ၄၀၀၀၀ | Promotion (6+1) FREE |
| ငွေဆောင်(နေ့စဉ်)(ငြိမ်း)- ၅၀၀၀၀ | |
| မော်တင်စွန်း(သီးသန့်)- ၄၅၀၀၀ (အဝိ သောကြာ) | ကားမျိုးစုံ စီးလုံးငှားသည် |
| အလောင်းတော်ကဿပ(သီးသန့်)- ၅၀၀၀၀၊ ရွှေစက်တော်(သီးသန့်)- ၄၀၀၀၀ | |

---

ရှာပါ မစ္စပါ findmyanmar

Find

www.findmyanmar.com

Golden Hexagon Media Group

Call Us : 01 - 2304318 , 09 - 43185047

---

**မြေကွက်များဝယ်လိုသည်**

ရန်ကုန်မြို့ ၁၀မြို့ သစ်

(အရှေ့ပိုင်း၊ ဆိပ်ကမ်း

တောင်ပိုင်း၊ မြောက်ပိုင်း)

မြို့နယ်များရှိ မြေကွက်များ

ဝယ်လိုသည်။

-၀၉-၄၄၈၀၂၅၄၂

၀၉-၄၂၀၀၇၀၂၁

၀၉-၇၃၂၃၄၆၅၆

---

**ရွှေပင့်ကူ (၃)နှစ်ပြည့်အထူး**

မန်းရွှေစက်တော်(ဓာတ်ညီးငြိမ်း) ၄၀၀၀၀/- (ညအိပ်ခရီး) ...

... ၄၅၀၀၀/- ...

မန္တလေးမှ ... အလောင်းတော်ကဿပ (ဓာတ်ညီးငြိမ်း)

... ၄၅၀၀၀/- ...

March ...

[illegible]

---

**OD Tour**

Oriental Dragon Travels & Tours Co.,Ltd

Since 1997

ဖိတ်ခေါ်ဆောင်ခြင်းရှိသော ချစ်သောသင်္ကြန်ကြိုပါလော

| | | | |
|---|---|---|---|
| တောင်ကြီး+အင်းလေး | Feb..27,Apr..12,13,18 | မန္တလေး+မင်းကွန်း | Apr..13,18 |
| ပုဂံ+ပုပ္ပါး+ပဒေသာ | Feb..27,Apr..13,18 | မန္တလေး+ပုဂံ | Apr..12 |
| အလောင်းတော်ကဿပ | Feb..27,Apr..12,13 | တောင်ကြီး+မန္တလေး | Apr..12 |
| မန္တလေး+မူဆယ်+ရွှေလီ | Apr..11,12,13 | ပုဂံ+ရွှေစက်တော် | Apr..12 |
| ထားဝယ်+မောင်းမကန် | Apr..12,13,18 | တောင်ကြီး+ပုဂံ | Apr..12 |
| စစ်တွေ+မြောက်ဦး+ငပလီ | Apr..12,13 | မော်လမြိုင်+ဘားအံ | Apr..13 |

01-536855, 526349, 504808, 523187,09-5108087 Hot Line:09420240570

---

**POPULAR STAR** Travel & Services

Find us on Facebook

လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

| | |
|---|---|
| တောင်ကြီး – အင်းလေး – ပင်းတယ | မန္တလေး – မင်းကွန်း |
| ကလော – ထမ်ဆမ်း – ပွေတော်ကဏ္ဍ | ပြင်ဦးလွင် – ဇစ်ကိုင်း |
| Apr 11,12,13,17 | Apr 12,17 |

✺ ... [illegible]

✺ Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နှံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။

Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

---

**တရုတ်**

စကားပြောခဲ့ပဲဆိုရင် Sayar.Yang

(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

**ENGLISH** Conversation Practice

ပြောလိုပြီးပြောမတတ်သူ

ပြောတတ်ပြီးပြောမထွက်သူအတွက်

စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636

09 420230133

---

**RUBY** ကားစီးလုံးငှားသည်

519100

09-51-77212, 535100

ရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

---

**" ကား " စီးလိုသူများအတွက် သတင်းကောင်း**

BPS ကားအရောင်းစင်တာတွင် ဂျပန်နိုင်ငံမှတင်သွင်းပြီး CT+CD အခွန်များဆောင်ထားသော ကားများကို

စလစ် + ကညန +

( ၇ ) ယောက်စီးကားတစ်စီး ( ၄၅ )သိန်း ( ၃ )စီးလျှင် ကျပ်သိန်း ( ၁၂၅ ) ဦးရာလုစနစ်

သက်သာသောအခြားကားများကို ညှိနိုင်းဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

*** ယာဉ်ဝယ်ယူခွင့်ပါမစ်မရှိသူများကိုလည်း ပါမစ်ရရှိအောင် ဝန်ဆောင်မှုပေးပါသည်။ ***

၄၅ သိန်းတန်ကားများကို ဝယ်ယူအားပေးခဲ့ကြသော မိတ်ဆွေများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

BPS Billion Power Services Co., Ltd

CAR SALE CENTRE

အမှတ်(၅၇) ပြည်လမ်း (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ 09 43144888, 09 43166888, 09 43135888

---

**အင်္ဂလိပ်စာသင်စကားပြော နှစ်ကာလ အရေးတော်ပုံ သင်တန်းသူများအတွက်**



GETC

ခမြိုင်ကုန်း 537895, 502775

တာမွေ 549590, 09254148006

www.getc-languageschool.com

2015 February Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ ....

---

GIVE YOUR CHILD THE MOST ENTERTAINING EDUCATIONAL PROGRAM THIS SUMMER

• From March through May

• For ages 3 to 14 years

TOTAL SUMMER SCHOOL

Explore, Experience, Enhance



STEM

| | | | | |
|---|---|---|---|---|
| Kamayut 524599 501976 514287 | Sanchaung 520456 09731432880 | Taunggyi 094 937 8436 081-2122080 | New University Avenue 551521 551951 553590 | Lanmadaw 224426 224731 |
| Parami 660855 0973107378 | Latha 251229 250854 | Kyi Myin Daing 01-2300 715 - 6 | Tamwe 401582 - 4 / 41st Street 376022 376019 | Thingangyun 5551380 - 3 |

---

နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချလိုသော စာသင်သားများအတွက်

ကျောင်းသင်ရိုးအထောက်အကူပြု (အလယ်တန်း၊ အထက်တန်း)

ဆရာညွှန့်ဝေမိုး(Educator) **Summer English**

**Creative Writing (Essay, Letter)**

**Guided Composition, Reading Comprehension**

ဦးဝင်းမောင်(ရွှေရည်မင်းစံမြန်မာစာ)၊ ဒေါမင်းလတ်(စံမီ)

လေးတန်း၊ ရှစ်တန်း၊ ၁၀ တန်း နှင့် ၅ ၆ ၇ ၉ အတန်းအားလုံး

မြန်မာစာမှာ ပုံကြမ်းပေးစာစီစာကုံးဖြစ်သွားပါပြီ။

အတန်းအလိုက် မေးလေ့ရှိသည့် ပစ်မှတ်မလွဲသော မြားချက်များ

အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက် ပုံကြမ်းဘောင်ဝင် စာစီစာကုံးများ

စကားပြေကောင်းရေးနည်းနမူနာများ၊ သတ်ပုံ၊ စကားပုံ

မဟာအဝေးသင်တက္ကသိုလ်၊ အမှတ်-၁၁ (A)၊ မြေညီထပ်၊ လှည်းတန်း(၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-504861, 01-504360, 09-450033488, 09 5176311

DAGON CITY 1
BY MARGA LANDMARK

DEVELOPED BY
MARGA LANDMARK

# သင်၏ယုံကြည်မှုနှင့် နွေးထွေးပျူငှာမှုအတွက် ကျေးဇူးပါ မြန်မာ



ကျွန်ုပ်တို့ အတူလက်တွဲချက် ဉာဏ်ပညာနှင့် ကြွယ်ဝခြင်းတည်းဟူသော မင်္ဂလာကို လက်ခံရရှိခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ကလေးများ၏ အပြုံးများကိုဖန်တီးပေးခဲ့သည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ဒါနနှင့် မေတ္တာတရားတို့၏ နွေးထွေးမှုကို ဝေမျှခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် လှပသော အနာဂါတ်များအတွက် ပံ့ပိုးခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ပိုမိုတောက်ပသော အနာဂါတ်လမ်းခရီးအား မီးရှူးညှိခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် မြန်မာနိုင်ငံအား ပိုမိုလှပစေရန် ခရီးသစ်တစ်ခု စတင်လျှောက်လှမ်းခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ကလေးများကိုမေတ္တာများ မျှဝေပေးခဲ့ကြသည်။

လက်ရှိမြန်မာနိုင်ငံတွင် Marga Landmark မှကြီးမှူးဆောက်လုပ်နေသော ပရောဂျက်မှာ Dagon City 1 တစ်ခုသာရှိပါသည်။

GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.

RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

Hot Line No-0930500100

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပေးပို့ခဲ့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ကိုးကန့်သောင်းကျန်းသူအဖွဲ့ ယာယီခြေကုပ်ယူထားသော (၁၈)မိုင်လမ်းဆုံအနီး တောင်ကုန်းများအား ရှင်းလင်းသိမ်းပိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကိုးကန့်သောင်းကျန်းသူအဖွဲ့များအနေဖြင့် လောက်ကိုင်-ကုန်းကြမ်းကားလမ်းပေါ်ရှိ (၁၈) မိုင်လမ်းဆုံအနီး တောင်ကုန်းများအား ယာယီခြေကုပ်ယူ၍ ဆက်သွယ်ရေးလမ်းကြောင်းအား ထိန်းချုပ်ဖြတ်တောက်ထားခဲ့ရာ တပ်မတော်စစ်ကြောင်းများက လေကြောင်းပစ်ကူရယူ၍ ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းမှ စတင်တိုက်ခိုက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းအထိ ထိတွေ့တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့ကာ လမ်းကြောင်းအားစိုးမိုးထားသည့် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများအား သိမ်းယူနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့




မနော်မြေအသင်း ရခိုင်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

## မာတိကာ


ကျောင်းသားသမဂ္ဂနှင့် အစွန်းတရားနှစ်ပါး
စာမျက်နှာ - ၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်
စာမျက်နှာ - ၇

ခေတ်ဟောင်း မော်တော်ယာဉ် ၇၅ စီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၃၅ ဦး နေပြည်တော်သို့ရောက်ရှိ
စာမျက်နှာ - ၈

သွေးအားနည်းရောဂါ အကြောင်း အသိပညာ တိုးပွားလာစေရန် အမျိုးသမီး စုပေါင်းလမ်းလျှောက်
စာမျက်နှာ - ၁၂


# အလုပ်ရှင်၊ အလုပ်သမားများ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် လုပ်ငန်းခွင်အေးချမ်းသာယာမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဖေဖော်ဝါရီ ၂၀ ရက်က ပထမအကြိမ် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ယခုပြုလုပ်ခြင်းသည် ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် သမာသမတ်ရှိရှိ စေတနာအပြည့်အဝထား၍ အောင်မြင်မှုရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ ယခုအငြင်းပွားမှုဖြစ်ပွားနေသော စက်ရုံများမှ အလုပ်ရှင်များကို ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၁၁ ရက်တွင် စက်ရုံလေးရုံကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်က စက်ရုံငါးရုံကို လည်းကောင်း ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၂ ရက်ထိ ဒုတိယဝန်ကြီးနှင့်အဖွဲ့တို့မှ Costec အထည်ချုပ်စက်ရုံအလုပ်ရှင်နှင့် သုံးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်ကိုလည်းကောင်း၊ Ford Glory အထည်ချုပ်စက်ရုံအလုပ်ရှင်နှင့် သုံးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်ကိုလည်းကောင်း၊ ကျောက်နီအထည်ချုပ်စက်ရုံအလုပ်ရှင်နှင့် တစ်ကြိမ်၊ အလုပ်သမားများနှင့် တစ်ကြိမ်၊ Eland Myanmar အထည်ချုပ်စက်ရုံ အလုပ်ရှင်နှင့် လေးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်၊ တိုင်ရီ ဖိနပ်စက်ရုံအလုပ်ရှင်နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရခိုင်နှင့် ကမ္ဘောဇအသင်းတို့ နှစ်ပွဲဆက်အနိုင်ရ

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

၂၀၁၅ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ရခိုင်ယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်းတို့ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

**ရခိုင်ယူနိုက်တက် - သုံးဂိုး**
**(ပြည်မိုး-နှစ်ဂိုး၊ နိုင်နိုင်ကျော်-တစ်ဂိုး)**
**မနော်မြေ - ဂိုးမရှိ**

ရခိုင်အသင်းမှာ ရာသီအစ ငါးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သော်လည်း ပွဲစဉ်(၆)မှစ၍ ပုံစံကောင်း ပြန်လည်ရရှိလာခဲ့ပြီး နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မနော်မြေအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ဘဲ ငါးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ရကာ တန်းဆင်းအန္တရာယ်နှင့်ပါ ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ရခိုင်အသင်းမှာ ရရှိသည့် ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခဲ့သောကြောင့် ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့**




# အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သတင်းနှင့်ဓာတ်ပုံ » ကိုကိုစိုးညွန့်

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကာယကြံ့ခိုင်မှုဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ရိုးရာလက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့်နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁ ၌ အမျိုးသမီး မီတာ ၁၀၀၀၀၊ အမျိုးသား မီတာ ၁၀၀၀၀၊ အမျိုးသမီး ခုနစ်မျိုးစုံ၊ အမျိုးသမီး မီတာ ၄၀၀၊ အမျိုးသား မီတာ ၄၀၀၊ အမျိုးသမီး သံပြားဝိုင်းပစ်၊ အမျိုးသားသံပြားဝိုင်းပစ်များ ကျင်းပသည်။

ဘတ်စကက်ဘောပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ပဲခူးက မွန်ကို (၅၁-၅၀) မှတ်ဖြင့်လည်းကောင်း၊ မန္တလေးက ကယားကို (၇၉-၅၈) မှတ်ဖြင့်လည်းကောင်း၊ ကချင်က ဧရာဝတီကို (၈၄-၅၉) မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် စစ်ကိုင်းက ဧရာဝတီကို (၁၀၀-၄၃)မှတ်ဖြင့်လည်းကောင်း၊ ကရင်က မန္တလေးကို (၄၃-၂၈)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းက မကွေးကို (၄၁-၃၅)မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက်ဗိုလ်လုပွဲများကို နံနက် ၈ နာရီတွင် ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ပဲခူးက ပထမ၊ ဧရာဝတီက ဒုတိယ၊ ရန်ကုန်က တတိယ၊ အမျိုးသားပွဲစဉ်တွင် မန္တလေးက ပထမ၊ ရန်ကုန်က ဒုတိယ၊ ရခိုင်က တတိယ အသီးသီးရရှိကြသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily